# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 31 August 2021 ၁၀၄၈၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဩဂုတ်လအတွင်း ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်အထိကျဆင်းစေရန်အတွက် ပထမအဆင့်ဆောင်ရွက်ခဲ့

## ကူးစက်မှုနှုန်းများ ကျဆင်းရခြင်းသည် ပြည်သူများ၏ ပူးပေါင်းလိုက်နာဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၏ ညီညီညာညာဖြင့် တက်ညီလက်ညီ ဆောင်ရွက်ပေးမှုများကြောင့်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၀)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၀)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြီးခဲ့သည့် ဇူလိုင်လမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်းဖြစ်ပေါ်လာပြီး ရောဂါကူးစက်မှုနှုန်း မြန်ဆန်ပြင်းထန်လာသည့်အတွက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် မိမိကိုယ်တိုင်ဦးဆောင်၍ အစည်းအဝေးများပြုလုပ်ပြီး စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အားလုံး တက်ညီလက်ညီဖြင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

## ကြေးမုံ ယနေ့ဖတ်စရာ

**မကောင်းကံစေတနာတို့ကို ဖယ်ရှားနိုင်ကြစေ**

စာမျက်နှာ » ၆

**ကမ္ဘာကြီးမှာ ဇီဇပြောင်းပိုးတွေက သူ့ထက်သူ လူစွမ်းကောင်းတွေ ထွက်ပေါ်နေပါတယ်။ ကာကွယ်ဆေးထိုးနှံသူ များလာလေလေ ဇီဇပြောင်းပိုးတွေဖြစ်ပေါ်မှုအန္တရာယ် နည်းလေလေဖြစ်ပါတယ်**

စာမျက်နှာ » ၉

ဆရာကြီး ဗိုမိုးနင်း၏ ဆောင်းပါး

**လိုတရ**

စာမျက်နှာ » ၂၁

ကြေးမုံ

# မိတ်သင်္ဂဟသည် လောကကောင်းကျိုးတည်

လောကကြီး သာယာငြိမ်းချမ်းရေးအတွက် သင်္ဂဟတရားဖြင့် ချီးမြှောက်ရန် လိုအပ်၏။ သင်္ဂဟတရားဖြင့် ချီးမြှင့်သောပုဂ္ဂိုလ်တို့သည် ကြီးပွားချမ်းသာကြ၏။ တစ်ဖန် လောကတွင် မိတ်ဆွေစစ်များထွန်းကားလျှင် ချမ်းသာ၏။ လောကအေးချမ်းသာယာ၏။ သင်္ဂဟတရားများ၊ မိတ်ဆွေကောင်းများ ထွန်းကားသောနေရာဒေသသည် မည်မျှပင်အခက်အခဲ အနှောင့်အယှက်များ၊ ဖျက်ဆီးမှုများရှိသော်လည်း ငြိမ်းချမ်းသာယာသောလောကသို့ မလွဲမသွေရောက်ရှိမည်ဖြစ်၏။

သင်္ဂဟတရား လေးပါးရှိ၏။ ဒါန – ပေးကမ်းထောက်ပံ့ခြင်းဖြင့် ချီးမြှင့်ခြင်း၊ ပေယျဝဇ္ဇ – ချစ်ဖွယ်စကားပြောဆိုခြင်းဖြင့် ချီးမြှင့်ခြင်း၊ အတ္ထစရိယာ – သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ခြင်းနှင့် သမာနတ္တတာ – ကိုယ်နှင့်ထပ်တူ ပြုမူဆက်ဆံခြင်းအားဖြင့် ချီးမြှင့်ခြင်းတို့ဖြစ်သည်။ မိတ်ဆွေကောင်းတွင် အင်္ဂါလေးပါးရှိ၏။ **ဥပကာရ** – ကျေးဇူးပြုတတ်သော၊ ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ **သမာနသုခဒုက္ခ** – ချမ်းသာအတူ ဆင်းရဲလည်းအတူဖြစ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ **အတ္ထက္ခာယီ** – အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်နှင့် **အနုကမ္ပက** – အကျိုးစီးပွားကို အစဉ်စောင့်ရှောက်တတ်သည့် စိတ်နှလုံးကောင်းရှိသည့် မိတ်ဆွေစစ်တို့ဖြစ်၏။

လောကကာလတွင် ဝိပ္ပတ္တိတရားလေးပါးအနက် ကာလဝိပ္ပတ္တိသဘောမျိုး ကြုံကြရ၏။ တိုင်းပြည်ပျက်စီးရေး၊ စစ်မက်ဖြစ်ပွားရေးရှေးရှုသောအခါ ကာလဝိပ္ပတ္တိသဘောဖြစ်လာ၏။ ကာလဝိပ္ပတ္တိကြုံသောအခါ၌ ရှေးကပါလာခဲ့သော အကုသိုလ်ကံတို့ အခွင့်သာကြသည်။ လူအများပင် ဆင်းရဲဒုက္ခရောက်ကြရ၏။ ကုသိုလ်ကံကြီးမားသူတို့ပင် ထိုကုသိုလ်ကံ အခွင့်မရ။ ကာလဝိပ္ပတ္တိအခါ၌ ဗျသနတရားဆိုက်တတ်၏။ ဗျသနတရားငါးပါးဟူသည့် ပျက်စီးခြင်းတရားဖြစ်၏။ ဉာတိဗျသန–ဆွေမျိုးပျက်စီးခြင်း၊ ဘောဂဗျသန – စီးပွားဥစ္စာပျက်စီးခြင်း၊ ရောဂဗျသန – အနာရောဂါနှိပ်စက်၍ ပျက်စီးခြင်း၊ သီလဗျသန – ကောင်းသောအကျင့်သီလပျက်စီးခြင်းနှင့် ဒိဋ္ဌိဗျသန – ကောင်းမွန်သောဘာသာအယူပျက်စီးခြင်းတို့ဖြစ်၏။

ဝိပ္ပတ္တိကာလတွင် ဒုစရိုက်ဆယ်ပါးကို အလွယ်တကူကျူးလွန်လာကြ၏။ ပါဏာတိပါတ – သူ့အသက်သတ်ခြင်း၊ အဒိန္နာဒါန – သူတစ်ပါးဥစ္စာခိုးယူခြင်း၊ ကာမေသုမိစ္ဆာစာရ – ကာမဂုဏ်၌ မှားယွင်းစွာကျင့်ခြင်း ကာယကံသုံးပါး။ မုသာဝါဒ – မဟုတ်မမှန်ပြောဆိုခြင်း၊ ပိသုဏဝါစာ – ကုန်းတိုက်စကားပြောဆိုခြင်း၊ ဖရုသဝါစာ – ဆဲရေးတိုင်းထွာခြင်း၊ သမ္ဖပ္ပလာပ – အကျိုးမရှိသောစကားကို ပြောဆိုခြင်း ဝစီကံလေးပါး။ အဘိဇ္ဈာ– သူတစ်ပါးပစ္စည်းကို "ငါ့ဟာဖြစ်လျှင် ကောင်းလေစွ"ဟု မတရားကြံစည်ခြင်း၊ ဗျာပါဒ – သူတစ်ပါးကို သေကျေပျက်စီးစေလိုခြင်းနှင့် မိစ္ဆာဒိဋ္ဌိ– အယူမှားခြင်း(ကံကံ၏အကျိုးကို မယုံကြည်ခြင်း) မနောကံသုံးပါးတို့ကို ကျူးလွန်ကြလေသည်။

ထိုသဘောမျိုးနှင့် လူတို့ကြုံတွေ့လာသောအခါ၌ သင်္ဂဟတရား လေးပါး၊ မိတ်ဆွေကောင်းအင်္ဂါလေးပါး ကောင်းမှုများဖြင့် ကာကွယ်တည်ဆောက်ခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်ပေသည်။ ယခုအခါ ထိုမိတ်ဆွေသင်္ဂဟတရားများကို ကျင့်သုံးလာသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရ၏။ ပြည်သူပြည်သား မိဘပြည်သူများ ရောဂါဘယကင်းဝေးရေးအတွက် စေတနာရှင်များ၊ စေတနာ့ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့် မိတ်ဆွေနိုင်ငံများက ပေးကမ်းထောက်ပံ့ခြင်း၊ နှစ်လိုဖွယ်စကားနှင့်ဆက်ဆံခြင်း၊ သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ခြင်း၊ ကိုယ်နှင့်ထပ်တူပြုမူဆက်ဆံကြ၍ နားလည်လက်ခံ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ပြည်သူများ နားလည်လက်ခံပူးပေါင်းပါဝင်လာကြသဖြင့် ကိုဗစ်ရောဂါ ကူးစက်မှုများလည်း တဖြည်းဖြည်းလျော့ကျလာသည်ကို တွေ့ရသည်။

ယခုအခါ ပြည်သူပြည်သားအချင်းချင်း နိုင်ငံရေးကိုအကြောင်းပြု၍ အဘိဇ္ဈာ၊ ဗျာပါဒ သူ့ဟာကို ငါ့ဟာဖြစ်လိုခြင်း၊ သူတစ်ပါးကို သေကျေပျက်စီးစေလိုခြင်းနှင့် မိစ္ဆာဒိဋ္ဌိအယူမှားခြင်း(ကံ ကံ၏အကျိုးကို မယုံကြည်ခြင်း) မနောကံသုံးပါးတို့ ပွားများလာကြပြီး အလိုလောဘမပြည့်သဖြင့် သူတစ်ပါးကို နှိပ်စက်သတ်ဖြတ်ခြင်း ကာယကံအမှုအထိ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ ပြည်သူပြည်သားများသည် ကောင်းကျိုး၊ မကောင်းကျိုးတို့ကို သိမြင်လာကြပြီး မိတ်ကောင်းဆွေကောင်းတရားနှင့် သင်္ဂဟတရားတို့ကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် လောကကောင်းကျိုးတည်ထွန်းမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဝင်းနိုင်ဦး<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ခ) | ဦးရဲညွှန့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်<br>ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ သီတာလှ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>(ဆေးရုံအုပ်ကြီး / ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကျန်းမာရေးဝန်ကြီးဌာန |

# မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့၌ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်စီ အသီးသီးရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် နောက် သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ ဆိပ်သာမြို့၊ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများ အနေဖြင့် သတိပြုနေထိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၃၀ – ၈ –၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၆၀၀ | ၁၄,၂၄၀,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၃,၄၀၅ | ၁၀,၈၉၆,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၀၅ | ၈၁၉,၀၀၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၁ | ၂၀,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၉ | ၂၄,၃၀၀ |
| EFR | ၃,၂၀၀ | ၃,၁၀၀ | ၄၁၉ | ၁,၂၅၉,၈၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၄ | ၁၉,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၃၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၇၄.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၇၄.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၈.၈၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၁.၅၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၀၂.၄၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၈၄၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၂၁.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၄၃.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၂၃.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၇၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** – ဦးစိုးစိုးနိုင်
**စာတည်းမှူး** – ဦးဝင်းနိုင်
**စာတည်းများ** – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** – ဒေါ်ဇင်မာဝင့်
**စာပြင်** – ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဦးစိုးချစ်ဦး

❒ ရှေ့ဖုံးမှ

ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၂၃ ရက်တွင် ၄၀ ဒသမ ၈၂ ရာခိုင်နှုန်း ကူးစက်မှုရှိခဲ့ပြီး ဇူလိုင် ၂၅ ရက်တွင် ၄၀ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ကူးစက်မှုရှိခဲ့ကြောင်း၊ စတင်ဖြစ်ပွားသည့်အချိန်မှစ၍ ဩဂုတ်လအတွင်း ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်အထိ ကျဆင်းစေရန်အတွက် ပထမအဆင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလ ၂၉ ရက်တွင် လူဦးရေ ၂၉၁၂၇ ဦးအား စစ်ဆေးခဲ့ရာ ၃၁၆၆ ဦး စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရသည့်အတွက် မိမိတို့မျှော်မှန်းသည့်အတိုင်း ကူးစက်မှု ၂၀ ရာခိုင်နှုန်းအောက် ကျဆင်းလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း၊ ထိုသို့ ကူးစက်မှုနှုန်းများ ကျဆင်းရခြင်းသည် ပြည်သူများ၏ ပူးပေါင်းလိုက်နာဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၏ ညီညီညာညာဖြင့် တက်ညီလက်ညီ ဆောင်ရွက်ပေးမှုများကြောင့် ဖြစ်ကြောင်း။

**ကူးစက်မှုနှုန်းများ ကျဆင်းလာမည်**

ရောဂါကူးစက်မှုနှုန်း မြင့်မားခဲ့ချိန်တွင် အောက်ဆီဂျင်လိုအပ်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း တစ်ဦးချင်းအလှူရှင်များ၊ အဖွဲ့အစည်းများအလိုက် အလှူရှင်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့မှ စီမံဆောင်ရွက်ပေးခဲ့မှုများကြောင့် အောက်ဆီဂျင်လိုအပ်ချက်များကို လျင်မြန်စွာဖြည့်ဆည်းပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ချက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများမှ လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်စည်းကမ်းများ လိုက်နာမှုနှင့်ပတ်သက်၍ နယ်စပ်တိုင်းဒေသကြီးများနှင့် ပြည်နယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးများ အထူးသဖြင့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်လာချိန်တွင် တာဝန်ရှိသူများအား သတင်းပေးပို့မှုမရှိဘဲ မိမိတို့နေရပ်သို့ ပြန်လည်ဝင်ရောက်နေထိုင်ရာတွင် ရောဂါကူးစက်ခံရသူများ ရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများအနေဖြင့် ရပ်ကွက်အဆင့်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့် ကြပ်မတ်ဆောင်ရွက်၍ လိုအပ်သည့် စစ်ဆေးမှုများနှင့် အကာအကွယ်ပေးမှုများ ဆောင်ရွက်ပေးခြင်းဖြင့် နယ်စပ်ဒေသတွင် ရောဂါကူးစက်မှုနှုန်းများ ကျဆင်းပြီး တစ်နိုင်ငံလုံး ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရောက်ရှိမှု၊ ထိုးနှံမှုတို့နှင့်ပတ်သက်၍ ပြောကြားရာတွင် **"ဆေးနဲ့ပတ်သက်ပြီး ပြောရရင်တော့ မနေ့ကအထိ တရုတ်နိုင်ငံကနေပြီးတော့ ဆေး ၆ ဒသမ ၅ သန်း ရောက်ပါတယ်။ လှူတာ ၂ ဒသမ ၅ သန်း ရှိပါတယ်။ နောက်ဝယ်တာက ၄ သန်း၊ အားလုံးပေါင်း ၆ ဒသမ ၅ သန်း ကျွန်တော့်ဆီ ရောက်ပါတယ်။ တရုတ်က ဆေးပေါ့။ အိန္ဒိယကနေပြီးတော့ လှူတာကတော့ ၁ ဒသမ ၇ သန်း လှူတယ်။ ၂ သန်းကတော့ ဝယ်တာ ဖြစ်ပါတယ်။ အားလုံးပေါင်း ၃ ဒသမ ၇ သန်း ရောက်ပြီဖြစ်ပါတယ်။ စုစုပေါင်း ၁၀ ဒသမ ၂ သန်းရှိပါတယ်။ ဒါလည်းမနေ့ကရောက်တဲ့ဆေးဆိုရင် အတတ်နိုင်ဆုံး အမြန်ဆုံး ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို တောက်လျှောက်ကို ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနမှာရှိတဲ့ ပို့နိုင်တဲ့ အဖွဲ့အစည်းတွေအားလုံးက ယာဉ်တွေထုတ်ပြီး ကျွန်တော်ပို့ခိုင်းထားပါတယ်။ ရာသီဥတုကောင်းရင်လည်း ကောင်းတဲ့အလျောက်ပေါ့။ အဲဒီတော့ အဓိက**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများရရှိရေးအတွက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများမှသာမက အခြားမိတ်ဆွေနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများမှလည်း လှူဒါန်းပေးမှုများရှိကြောင်း၊ အာဆီယံအဖွဲ့မှလည်း လှူဒါန်းပေးသည့် ပစ္စည်းများ မကြာမီပို့မည်ဟုပြောကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ကူညီပေးသည့် နိုင်ငံများကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိ**

**ကတော့ ကိုယ့်ဆီရောက်လာရင် သက်ဆိုင်ရာမြို့နယ်အဆင့်၊ အောက်ခြေအဆင့်အထိ ရောက်အောင် ပြည်နယ်များက၊ တိုင်းဒေသကြီးများကလည်း ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးဖို့ပါ၊ ဆောင်ရွက်ပေးဖို့ဆိုတာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တွေအနေနဲ့ကတော့ စီမံခန့်ခွဲတာလုပ်ပေါ့။ ယာဉ်ယန္တရားတွေကတော့ လိုအပ်ရင် ကျွန်တော်တို့ကို ပြောပါ။ ကျွန်တော်တို့ ဒီကနေပြီးတော့ တတ်နိုင်သမျှ Real Time ဖြစ်စေချင်ပါတယ်။ အချိန်နှင့်တစ်ပြေးညီ ဖြစ်စေချင်ပါတယ်။ တစ်ရက်စောထိုးရင် တစ်ရက်အကျိုးရှိပါတယ်လို့ ကျွန်တော် ပြောလိုပါတယ်။ ဒီကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးက ထုတ်ပြန်ချက်တွေကြည့်လို့ရှိရင် ဆေးထိုးထားတဲ့သူတွေက ဆေးမထိုးထားတဲ့လူတွေထက် ရောဂါကို ခံနိုင်ရည်ပိုရှိတယ်။ မဖြစ်ဘူးလို့တော့ အရှင်းမပြောပါဘူး။ သို့သော်လည်း ဖြစ်နိုင်ခြေနည်းတယ်။ ဖြစ်ရင်တောင်မှ ခံရမှုနည်းတယ်။ အဲဒီတော့ ဖြစ်တယ်ဆိုရင်လည်း ဥပမာအားဖြင့် ပြင်းထန်တဲ့ရောဂါနဲ့ပတ်သက်ပြီး ဖြစ်ပွားမှုကျတော့ အထိုက်အလျောက် သူကနည်းနည်း နည်းတာကို တွေ့ပါတယ်။ အောက်ဆီဂျင်ပေးရတာ၊ ဆေးပေးရတာကိုကအစ သူက သက်သာတာကိုတွေ့ရတယ်"** ဟု ပြောကြားသည်။

**ထိုးနှံပေးသွားမည်**

ယင်းနောက် ယခုထပ်မံရောက်ရှိသည့် ကာကွယ်ဆေးများထိုးနှံပြီးချိန်တွင် ကာကွယ်ဆေးထိုးနှံပြီးသည့် အရေအတွက် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများလည်း မကြာမီအချိန်အတွင်း ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ဆေးများထပ်မံရောက်ရှိချိန်တွင်လည်း ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း။

**ဆေးနဲ့ပတ်သက်ပြီး ပြောရရင်တော့ မနေ့ကအထိ တရုတ်နိုင်ငံကနေပြီးတော့ ဆေး ၆ ဒသမ ၅ သန်း ရောက်ပါတယ်။ လှူတာ ၂ ဒသမ ၅ သန်း ရှိပါတယ်။ နောက်ဝယ်တာက ၄ သန်း၊ အားလုံးပေါင်း ၆ ဒသမ ၅ သန်း ကျွန်တော့်ဆီ ရောက်ပါတယ်။ တရုတ်က ဆေးပေါ့။ အိန္ဒိယကနေပြီးတော့ လှူတာကတော့ ၁ ဒသမ ၇ သန်း လှူတယ်။ ၂ သန်းကတော့ ဝယ်တာ ဖြစ်ပါတယ်။ အားလုံးပေါင်း ၃ ဒသမ ၇ သန်းရောက်ပြီ ဖြစ်ပါတယ်။ စုစုပေါင်း ၁၀ ဒသမ ၂ သန်းရှိပါတယ်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများရရှိရေးအတွက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများမှသာမက အခြားမိတ်ဆွေနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများမှလည်း လှူဒါန်းပေးမှုများရှိကြောင်း၊ အာဆီယံအဖွဲ့မှလည်း လှူဒါန်းပေးသည့် ပစ္စည်းများ မကြာမီပို့မည်ဟု ပြောကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ကူညီပေးသည့် နိုင်ငံများကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ အဓိကအားဖြင့် အားလုံးညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အောက်ဆီဂျင်ရရှိရေးသည် အရေးကြီးသည့်အတွက် မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အောက်ဆီဂျင်များ လုံလောက်စွာရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း၊ အောက်ဆီဂျင်များ အသုံးပြုမှု စနစ်မကျမှုကြောင့် အသုံးပြုသူများ အသက်အန္တရာယ်မဖြစ်ပေါ်စေရေး အသိပညာပေးတိုက်တွန်းဆွေးနွေးပေးရန် လိုအပ်ကြောင်း၊ အလားတူ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့နယ်မြေအတွင်း အောက်ဆီဂျင်များ နေရာအနှံ့ရရှိစေရေး စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အခြားလိုအပ်သည့်ပစ္စည်းများ ရရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီရန် လိုအပ်သဖြင့် ရေရှည်အတွက် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

**စားရေးအဆင်ပြေစေရေး**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်မှစ၍ ကန့်သတ်ချက်များရှိ၍ ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်မားလာမှုကြောင့် ကုန်ဈေးနှုန်းများ မြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကုန်ဈေးနှုန်းများ မြင့်တက်လာသော်လည်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ အခြေခံစားကုန်များကို ပြည်တွင်း၌ ထုတ်လုပ်သည့် နိုင်ငံဖြစ်ခြင်းကြောင့် စားသောက်ကုန်ပစ္စည်းများ အန္တရာယ်ဖြစ်စေနိုင်သည်အထိ ရှားပါးမှုများမဖြစ်ပေါ်နိုင်ကြောင်း၊ လက်ရှိကုန်ဈေးနှုန်းများ မြင့်တက်နေရခြင်းမှာလည်း ထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်တက်ခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်မှုများရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ဈေးကားများဖြင့် နေရာအနှံ့တွင် စားသောက်ကုန်များ ဖြန့်ဝေရောင်းချပေးသဖြင့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အားရဖွယ်ရှိကြောင်း၊ ပြည်သူများ၏ စားရေးအဆင်ပြေရန်အတွက် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူများ စားရေးအဆင်ပြေစေရေး ယခုထက် ပိုမိုဆောင်ရွက်ကြရန်အတွက် တိုက်တွန်းလိုကြောင်း၊ အလားတူ ထုတ်ကုန်ပစ္စည်းများ အားလျော့မသွားအောင် ဆောင်ရွက်ကြရန် လိုကြောင်း။

စိုက်ပျိုးရေးတွင် အထွက်နှုန်းတိုးစေရန်အတွက် ဓာတ်မြေဩဇာများရရှိရန် လိုအပ်သဖြင့် ပြည်ပမှ တင်သွင်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဒေသများအလိုက် သဘာဝဓာတ်မြေဩဇာများကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက်လည်း စည်းရုံးလှုံ့ဆော်ပေးရန်လိုကြောင်း၊ သဘာဝဓာတ်မြေဩဇာများကို အသုံးပြု၍ အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် ရှိပြီးသား အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရေး ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် တိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုကာလတွင် မိုးကောင်းစွာရွာသွန်းပြီး ရာသီဥတုများ ကောင်းမွန်လျက်ရှိခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးချုပ်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်သူများထံ ကွင်းဆင်းအားပေး ဆောင်ရွက်ရန်လိုကြောင်း၊ အားလုံးဝိုင်းဝန်းပြီး အင်ပြည့်အားပြည့် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအား အောင်မြင်အောင် ဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ရေးများ အဆင်ပြေပြီး ဝင်ငွေများကောင်းမွန်လာခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း များစွာ အထောက်အကူပြုလာမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း ကျဆင်းလျက်ရှိသည့် အခြေအနေ၊ ရောဂါဖြစ်ပွားမှုနှုန်းလျော့ကျခြင်းမရှိဘဲ ရောဂါပိုးအတည်ပြုလူနာတွေ့ရှိမှုနှုန်း မြင့်မားလျက်ရှိသည့် အချို့မြို့နယ်များကို နေအိမ်တွင်နေထိုင်ရေး(Stay at Home) ထားရှိ၍ ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျစေရေး လုပ်ဆောင်လျက်ရှိပြီး ဖြစ်ပွားမှုနှုန်းလျော့ကျလာသည့် မြို့နယ်များအား ပြန်လည်ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ရောဂါပိုးကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ရေးအတွက် အုပ်စုများအလိုက် ခွဲခြားစစ်ဆေးမှု၊ ထိန်းချုပ်မှုများကို အထူးအလေးထား ဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်များ၊ ရပ်ကွက်များအတွင်းထိ ရောဂါပိုး ကူးစက်မှုအခြေအနေများကို စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ စစ်ဆေးလက်ခံပေးလျက်ရှိသည့် အခြေအနေနှင့် ဗီဇပြောင်းရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်မှုကို ကာကွယ်တားဆီးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများ ဆက်လက်ရောက်ရှိလာမည့် အခြေအနေနှင့် ထပ်မံမှာယူထားရှိမှု အခြေအနေ၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ကာကွယ်ဆေး လစဉ် ၁၀ သန်းခန့် ထပ်မံရောက်ရှိလာမည့် အခြေအနေ၊ ရောက်ရှိလာမည့် ဆေးဝါးများကို အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် အသက်အရွယ် အပိုင်းအခြားအလိုက် သတ်မှတ်ဆောင်ရွက်သွားမည့် အခြေအနေ၊ မသန်စွမ်းသူများ၊ ရောဂါအခံရှိသူများကို ဦးစားပေးစာရင်းတွင် ထည့်သွင်းထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

လက်ရှိရောဂါပိုးအတည်ပြုလူနာများကို ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများတွင် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊

**စာမျက်နှာ ၄ သို့** »»

## ပြည်တွင်းရေးရာ

**ကိုဗစ်-၁၉ ရောဂါသည် အရှင်းပျောက်ကင်းမှုမရှိနိုင်ဘဲ ရေရှည်သွားရမည့် အနေအထားတွင်ရှိသောကြောင့် ရေရှည်သုံးစွဲနိုင်သည်အထိ ရည်ရွယ်၍ စမ်းသပ်သုတေသနပြုမှုများကို မျက်ခြည်မပြတ် ဆောင်ရွက်သွားရန်လိုအပ်မည် ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများအား သက်ဆိုင်ရာ ဆိပ်ကမ်း၊ စခန်းများအလိုက် ပစ္စည်းရောက်ရှိသည်နှင့် ထုတ်ဝေဖြန့်ဖြူးနိုင်ရေး ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ FDA ၏ ခွင့်ပြုချက်ဖြင့် တင်သွင်းရမည့် ဆေးဝါးများကိုလည်း ဌာနအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး မသမာမှုများမရှိစေရေး အလေးထားဆောင်ရွက်သွားရန်လို**

»»» စာမျက်နှာ ၃ မှ

ကျန်းမာရေးဝန်ထမ်းများ ရောဂါပိုးကူးစက်ခံရမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် လိုအပ်သည်များ ထောက်ပံ့ပေးအပ်မှု အခြေအနေ၊ ပြည်သူများအားလုံး ကာကွယ်ဆေး ပြည့်ဝစွာထိုးနှံနိုင်ရေးအတွက် ပြည်ပနိုင်ငံများမှ တာဝန်ရှိသူများ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေ၊ ကာကွယ်ဆေးများရောက်ရှိလာပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အချိန်မီပေးပို့နိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်း များမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့် ဆက်စပ်ဆေးဝါးများ၊ ပစ္စည်းများ ပေးပို့လှူဒါန်းရန် ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေ၊ နယ်စပ်ဒေသများရှိ ဒေသခံပြည်သူများအား ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

**ဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် Oxygen Plant များမှ တစ်နေ့တာ အောက်ဆီဂျင်ထုတ်လုပ်ပေးနိုင်မှုနှင့် တစ်နေ့တာအတွက် အောက်ဆီဂျင်လိုအပ်မှု အခြေအနေ၊ ပြည်ပနိုင်ငံများမှ Liquid Oxygen များ တင်သွင်းခဲ့မှုနှင့် လက်ရှိအခြေအနေတွင် တင်သွင်းရန်လိုအပ်ချက်လျော့ကျလာမှု အခြေအနေ၊ နေအိမ်တွင် နေထိုင်ရေး(Stay at home)ထားရှိသည့် မြို့နယ် ၁၂၉ မြို့နယ်မှ ဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည့် မြို့နယ် ၅၃ မြို့နယ်အား ဩဂုတ် ၂၇၊ ၂၈ နှင့် ၂၉ ရက်တို့တွင် Spot Check ဖြင့် ရောဂါပိုး စစ်ဆေးခဲ့ရာ ၂၇ ရက်တွင် လူဦးရေ ၆၂၉၂ ဦးကိုစစ်ဆေးခဲ့ပြီး ရောဂါပိုး တွေ့ရှိသူ ၂၀၇၁ ဦး၊ ၁၇ ဒသမ ၀၀ ရာခိုင်နှုန်း၊ ၂၈ ရက်တွင် လူဦးရေ ၁၇၉၃၀ စစ်ဆေးခဲ့ပြီး ရောဂါပိုးတွေ့ရှိသူ ၁၄၇၈ ဦး၊ ၈ ဒသမ ၂၄ ရာခိုင်နှုန်း၊ ၂၉ ရက်တွင် ၃၅၀၇ ဦး စစ်ဆေးခဲ့ပြီး ရောဂါပိုးတွေ့ရှိသူ ၁၇၆၄ ဦး၊ ၅ ဒသမ ၄၄ ရာခိုင်နှုန်းဖြစ်သည့်အတွက် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း အမှန်တကယ်လျော့ကျလာသည်ကို တွေ့ရှိရသည့် အခြေအနေနှင့် Spot Check ဆက်လက်ဆောင်ရွက်နေမှု အခြေအနေ၊ Relif Flight များ ပြေးဆွဲ၍ လူပုဂ္ဂိုလ်နှင့် ဆေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည့် အခြေအနေ၊ ပြည်တွင်းလေကြောင်း၊ ရေကြောင်း၊ မော်တော်ယာဉ်နှင့် မီးရထားခရီးစဉ်များအား စဉ်ဆက်မပြတ် ပြေးဆွဲလျက်ရှိသည့် အခြေအနေ၊ ဆိပ်ကမ်းအသီးသီးတွင် ပြည်ပနိုင်ငံအသီးသီးမှ ကုန်သေတ္တာနှင့် စက်သုံးဆီများ ဝင်ရောက်နေမှု အခြေအနေ၊ ပြည်ပသို့ ကုန်စည်များ ပို့ဆောင်ပေးနေမှု အခြေအနေနှင့် နယ်စပ်ဂိတ်အသီးသီးမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခဲ့သည့် အခြေအနေ၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများကို Telephone message များမှတစ်ဆင့် ပေးပို့ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို ပြည်သူများထံသို့ လျင်မြန်စွာရောက်ရှိစေရေးအတွက် FDA ထောက်ခံမှုမလိုသည့် ပစ္စည်းများအား ဖြေလျှော့မှုများပြုလုပ်၍ လျင်မြန်စွာ ထုတ်ယူခွင့်ပြုထားသည့် အခြေအနေ၊ FDA ထောက်ခံချက်ရယူရန်လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကိုလည်း လျင်မြန်စွာ ထုတ်ယူရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရောက်ရှိပြီး ဆေးနှင့် ဆေးပစ္စည်းများအား ကုမ္ပဏီအချို့မှ ထုတ်ယူရန် ကျန်ရှိနေမှုနှင့် အမြန်ဆုံးလာရောက်ထုတ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ရန်ပုံငွေမှ သုံးစွဲထားရှိမှု အခြေအနေ။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း သတင်းနှင့် ပညာပေးအစီအစဉ်များ ထုတ်လွှင့်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေ၊ တိုင်းရင်းသားဘာသာစကားများနှင့် ထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့၏ တောင်းဆိုလာသည့် ကျန်းမာရေးပညာ ဗဟုသုတများနှင့် အခြားအစီအစဉ်များကိုလည်း ပြန်လည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ။

တပ်မတော်ဆေးရုံများ၊ တိုင်းစစ်ဌာနချုပ်များ အလိုက် ပိုးတွေ့လူနာများ၊ တက်ရောက်ကုသမှု အခြေအနေ၊ တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် ပိုးတွေ့လူနာများ တွေ့ရှိမှု၊ တပ်မတော်ဆေးရုံများ အလိုက် Oxygen Plant များမှ အောက်ဆီဂျင် ထုတ်လုပ်နိုင်မှု၊ သုံးစွဲရန်လိုအပ်မှု အခြေအနေ၊ ရောဂါပိုးတွေ့ရှိမှုများအား စောင့်ကြည့်၍ သုတေသနပြုလုပ်မှု၊ ဗီဇပြောင်းရောဂါပိုးများ ဆက်လက်တွေ့ရှိရမှု၊ ကာကွယ်ဆေးအမျိုးအစားများအလိုက် ရောဂါပိုးအား ကာကွယ်ပေးနိုင်မှု၊ ခုခံနိုင်မှု အခြေအနေ၊ တပ်မတော်စက်ရုံ၊ အလုပ်ရုံများမှ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ တစ်ခါသုံးဆေးထိုးအပ်များ ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေ၊ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ရောဂါကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှုအခြေအနေ၊ နိုင်ငံအတွင်း မြို့နယ်များအလိုက် ကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှု အခြေအနေ၊ ရွှေ့လျားဈေးကားများဖြင့် ပြည်သူလူထုအား ဈေးနှုန်းသက်သာစွာ လှည့်လည်ရောင်းချပေးနေမှုနှင့် ဆက်လက်တိုးချဲ့ ရောင်းချပေးသွားမည့် အခြေအနေ၊ တရုတ်-မြန်မာ နယ်စပ်ဒေသများတွင် ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည်ပမှ ဆေးနှင့် ဆေးပစ္စည်းများ တင်သွင်းရောက်ရှိမှုနှင့် ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ အခြေခံအိမ်သုံးဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေ၊ နိုင်ငံအတွင်း ဆေးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု၊ ဆေးပစ္စည်းများ ဖြန့်ဖြူးပေးနိုင်မှု အခြေအနေ၊ ဆေးဝါးများအား အလွယ်တကူဝယ်ယူနိုင်ရေး အွန်လိုင်းမှတစ်ဆင့် ရောင်းချပေးလျက်ရှိမှုနှင့် ကုမ္ပဏီများ ထပ်မံပူးပေါင်းပါဝင်လာမှု အခြေအနေ၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ပြည်ပပို့ကုန်များ တင်ပို့လျက်ရှိသည့် အခြေအနေနှင့် လိုအပ်သည့် အခြေခံစားကုန်သုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရမှု အခြေအနေ။

**ရှင်းလင်းတင်ပြ**

မိမိတို့နိုင်ငံ၏ ကာကွယ်ဆေးရောက်ရှိမှု၊ ထိုးနှံပေးနေမှုနှင့် ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို WHO Website တွင် ထည့်သွင်းဖော်ပြခဲ့သည့် အခြေအနေ၊ IDP Camp များတွင် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကာကွယ်ဆေးထိုးနှံမှု၊ ရောက်ရှိမှု၊ ဆေးရုံတက်ရောက်ကုသမှုခံယူမှုတို့ကို စနစ်တကျ စာရင်းပြုစုဆောင်ရွက်ကြရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပနိုင်ငံများမှ မိမိတို့နိုင်ငံသားများအား ပြန်လည်ခေါ်ယူရောက်ရှိနိုင်ရေး ဆောင်ရွက်ခဲ့စဉ် မလေးရှားနိုင်ငံမှ Relif Flight ဖြင့် သွားရောက်ခေါ်ယူခဲ့ရာ၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သူများအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ အမြန်ဆုံးခေါ်ယူနိုင်ရေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုအသစ်ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများသည် တစ်ပုလင်းလျှင် 5 Dose နှုန်းဖြစ်သဖြင့် ဆေးထိုးနှံရေးဆောင်ရွက်ကြမည့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သတိပြုရန်လိုပြီး နှုန်းထားအလိုက် အတိအကျဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို ဦးစားပေးထိုးနှံသွားရန်နှင့် ထပ်မံရောက်ရှိလာမည့် ဆေးများအား ဒုတိယအကြိမ် ထိုးနှံပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး သုတေသနပြု စမ်းသပ်ဆောင်ရွက်နေမှုများကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် အရှင်းပျောက်ကင်းမှု မရှိနိုင်ဘဲ ရေရှည်သွားရမည့် အနေအထားတွင်ရှိသောကြောင့် ရေရှည်သုံးစွဲနိုင်သည်အထိ ရည်ရွယ်၍ စမ်းသပ်သုတေသနပြုမှုများကို မျက်ခြည်မပြတ် ဆောင်ရွက်သွားရန်လိုအပ်မည် ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများအား သက်ဆိုင်ရာ ဆိပ်ကမ်း၊ စခန်းများအလိုက် ပစ္စည်းရောက်ရှိသည်နှင့် ထုတ်ဝေဖြန့်ဖြူးနိုင်ရေး ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ FDA ၏ ခွင့်ပြုချက်ဖြင့် တင်သွင်းရမည့် ဆေးဝါးများကိုလည်း ဌာနအလိုက်ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး မသမာမှုများမရှိစေရေး အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် ပြည်ပမှ တင်သွင်းနေရသည့် အခြေခံစားကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အခြေခံဆေးဝါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိမှုနှင့် ကာကွယ်ဆေးထိုးနှံမှု အခြေအနေများနှင့် ပတ်သက်၍ "ဆေးကုန်သည်ကြီးများအသင်း၊ တချို့ကုမ္ပဏီတွေကနေ တိုက်ရိုက်ရောင်းပေးတာ ရှိတယ်၊ ရန်ကုန်မှာလည်း ကျွန်တော်တို့ ဆေးဆိုင်တွေ သီးခြားနေရာတစ်ခုသတ်မှတ်ပြီး ရောင်းပေးတာတွေရှိတယ်၊ ဈေးနှုန်းတွေလည်း ကျွန်တော်တို့က သတင်းစာထဲမှာလည်း ထည့်ပေးတယ်၊ ဆေးဈေးတွေ၊ အရေးကြီးတဲ့ဆေးတွေပေါ့။ အဲဒီတော့ ဘာပဲပြောပြော ဆေးနဲ့ပတ်သက်ပြီးတော့ ပြည်သူတွေရဲ့ လက်ဝယ်မှာ အတိုင်းအတာ တစ်ခုထိ အဆင်ပြေသွားပါတယ်။ ဒီအတွက်ကြောင့် ဒီဆေးနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းကို ကျေးဇူးတင်တဲ့အကြောင်း ကျွန်တော်ပြောလိုပါတယ်၊ သူတို့တွေ တကယ်ကို စေတနာထားပြီးလုပ်ပေးပါတယ်၊ အကျိုးအမြတ်ထက် ပြည်သူ့အတွက် အထောက်အကူရအောင်ဆိုပြီးတော့ လုပ်ပေးတာပေါ့၊ စီးပွားရေးဆိုတာကတော့ အကျိုးအမြတ်ရှိမှလုပ်ချင်မှာပေါ့၊ သို့သော်လည်း ဒီဟာက အကျိုးအမြတ်က အဓိက မဟုတ်ဘဲနဲ့ကို လက်ဝယ်ကို ဈေးနှုန်းမှန်မှန်နဲ့ မြန်မြန်နဲ့ လုပ်ပေးတယ်၊ စေတနာနဲ့ လုပ်ပေးတဲ့ကိစ္စရပ် ဖြစ်ပါတယ်၊ အဲဒါကြောင့် သူတို့ကို ကျေးဇူးတင်ကြောင်း ကျွန်တော်ပြောလိုပါတယ်။

**Field တွေ မကျန်ဖို့လို**

ဒီကိုဗစ်ရောဂါတွေ့ရှိမှုနဲ့ ပတ်သက်ပြီး ကျလာတယ်လို့ပြောတယ်၊ ကျွန်တော်တို့က Figure လည်း တစ်ချက်ကြည့်တာပေါ့၊ စစ်ဆေးတဲ့ အရေအတွက်၊ နောက်တွေ့တဲ့အရေအတွက် Percentage၊ ကျွန်တော်တို့က ဒီဘက်က တွေ့တဲ့အရေအတွက်ကို ကြည့်တယ်၊ အဓိကကတော့ ဘာလဲဆိုတာကတော့ Field တွေ မကျန်ဖို့လိုတယ်၊ ခုနကကျန်းမာရေးဝန်ကြီးလည်း ဆွေးနွေးတဲ့အထဲမှာ ပါပါတယ်၊ Contact Person တွေပေါ့၊ Contact Person မဟုတ်ဘဲ သူတို့နဲ့ အကြောင်းအမျိုးမျိုးကြောင့် ပတ်သက်နေတဲ့သူတွေရှိတယ်၊ တချို့လည်း အိမ်မှာပြန်ပြီးနေကြတယ်၊ စောစောကကျွန်တော် ပြောလိုက်တယ်၊ ဥပမာအားဖြင့်- နယ်စပ်ဒေသမှာရှိတဲ့ ပြည်နယ်နဲ့ တိုင်း တချို့ဒေသတွေမှာ ရွာတွေပြန်နေကြတယ်၊ ဘာမှမပြောဘူး၊ ဖြစ်ခါမှ အကုန်လုံးက ဖြစ်ပွားတဲ့နှုန်းက စာမျက်နှာ ၅ သို့ »»»

**ဘာပဲပြောပြော ဆေးနဲ့ပတ်သက်ပြီးတော့ ပြည်သူတွေရဲ့ လက်ဝယ်မှာ အတိုင်းအတာတစ်ခုထိ အဆင်ပြေသွားပါတယ်။ ဒီအတွက်ကြောင့် ဒီဆေးနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းကို ကျေးဇူးတင်တဲ့အကြောင်း ကျွန်တော်ပြောလိုပါတယ်၊ သူတို့တွေ တကယ်ကို စေတနာထားပြီး လုပ်ပေးပါတယ်၊ အကျိုးအမြတ်ထက် ပြည်သူ့အတွက် အထောက်အကူရအောင်ဆိုပြီးတော့ လုပ်ပေးတာပေါ့၊ စီးပွားရေးဆိုတာကတော့ အကျိုးအမြတ်ရှိမှလုပ်ချင်မှာပေါ့၊ သို့သော်လည်း ဒီဟာက အကျိုးအမြတ်က အဓိကမဟုတ်ဘဲနဲ့ကို လက်ဝယ်ကို ဈေးနှုန်းမှန်မှန်နဲ့ မြန်မြန်နဲ့ လုပ်ပေးတယ်၊ စေတနာနဲ့လုပ်ပေးတဲ့ ကိစ္စရပ်ဖြစ်ပါတယ်၊ အဲဒါကြောင့် သူတို့ကို ကျေးဇူးတင်ကြောင်း ကျွန်တော်ပြောလို**

# ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိ

**လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ကုသဆေးတို့ကို ပြည်ပမှဝယ်ယူနေရသည့်အတွက် ရေရှည်တွင် အခက်အခဲ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောတွင် မျိုးရိုးဗီဇမတူညီသည့် ဗီဇကွဲပိုးနှစ်မျိုးကို အခြားနိုင်ငံအချို့တွင် ထပ်မံတွေ့ရှိနေသည်ကို ကြားသိရကြောင်း၊ သို့ဖြစ်၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ ပေါ့ပေါ့ဆဆမနေထိုင်ဘဲ အထူး ဂရုပြုနေထိုင်ကြရန်လိုအပ်ကြောင်း၊ ကာကွယ်ဆေး၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို အဆင်ပြေလွယ်ကူစွာ ပြည်သူလူထုလက်ဝယ်ရောက်ရှိရေးအတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ကူညီပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

»»» စာမျက်နှာ ၄ မှ

**တအားများလာတဲ့အခါကျမှ၊ စစ်ကြည့်တော့ အကြောင်းအမျိုးမျိုးနဲ့ ပြန်ရောက်လာတဲ့သူတွေက သတင်းမပို့တာ၊ မစစ်ဆေးတာတွေ တွေ့တယ်၊ ဒါကြောင့် ဒါတွေကိုလည်း ကြပ်ကြပ်မတ်မတ် စစ်ဆေးနိုင်ဖို့လိုပါတယ်၊ အရေးကြီးတာက စစ်ဆေးမှုနယ်ပယ်တွေမှာ မကျန်ဖို့လိုတယ်၊ များများစစ်ပြီးတော့ အဖြေများများသိမှသာ ကျွန်တော်တို့က ကိုဗစ်ထိန်းချုပ်ရေးအတွက် အကျိုးရှိလိမ့်မယ်လို့ ကျွန်တော် ပြောခဲ့ဖူးပါတယ်၊ များများစစ်ဖို့လိုတယ်”ဟု** ပြောကြားသည်။

**ပေါ့ဆစွာဖြင့် နေထိုင်သွားလာမှုများမရှိစေရေး**

ဆက်လက်ပြောကြားရာတွင် ထိုကဲ့သို့ ဆေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စိတ်ရှည်စွာဖြင့် နည်းစနစ်တကျ ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့သောသူများသည် အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ် ခံယူရမည်ကို ကြောက်ရွံ့ထိတ်လန့်မှုများရှိသဖြင့် စစ်ဆေးမှုခံယူသူများကိုလည်း ကြောက်ရွံ့မှုမရှိစေရန် နားလည်သဘောပေါက်အောင် ရှင်းပြပေးရမည်ဖြစ်ကြောင်း၊ ဆေးစစ်မှုလုပ်ငန်းများသည် အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ရေး လုပ်ဆောင်ပေးသည့် လုပ်ငန်းဖြစ်သဖြင့် စစ်ဆေးမှုလုပ်ဆောင်ရန် လိုအပ်သူများ မကျန်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ဗီဇပြောင်းရောဂါပိုးသည် ဖြစ်ပွားမှုနှုန်းမြန်ဆန်ပြီး သေဆုံးမှုများသည့်အတွက် ပေါ့ဆစွာဖြင့် နေထိုင်သွားလာမှုများမရှိစေရေး ကျန်းမာရေးအသိပညာပေးသည့်လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဖြစ်ပွားသည့်လက္ခဏာများကို ရပ်ကွက်၊ ကျေးရွာများအတွင်း လိုက်လံဆော်ဩရာတွင်လည်း အချက်အလက် တိကျစွာဖြင့် အသိပညာပေးရမည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားများတွင် ဖော်ပြပေးရာ၌ နှုတ်ဖြင့်သာမက စာဖြင့်ပါ ဖော်ပြပေးရန်လိုကြောင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးမှုနှင့် ပတ်သက်ပါက မှန်ကန်သည့် အသိပညာများရရှိအောင် လုပ်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

**သင်ခန်းစာယူရမည်**

ကိန်းဂဏန်းအချက်အလက်များအရ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာပြီး အဆိုပါအချက်အလက်များသည် မှန်ကန်ခိုင်မာမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဖြစ်ပွားမှုနှုန်း အမှန်တကယ် လျော့နည်းလာမှသာလျှင် တင်းကျပ်ထားသည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယလှိုင်း၌ ရောဂါကူးစက်မှုနှုန်းလျော့ကျစဉ် ပေါ့ဆစွာဖြင့် နေထိုင်သွားလာခဲ့ခြင်းကြောင့် တတိယလှိုင်းဖြစ်ပွားစဉ် အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စက်ရုံ၊ အလုပ်ရုံများကို စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ခွင့်ပေးထားပြီးဖြစ်ကြောင်း၊ ရောဂါဖြစ်ပေါ်မှုအခြေအနေများအရ ရုံးပိတ်ရက် ကြေညာထားသည်ဖြစ်သော်လည်း အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် လုပ်ဆောင်ရန် လိုအပ်သည်များကို စနစ်တကျစီမံခန့်ခွဲ၍ လုပ်ဆောင်နေရမည်ပင်ဖြစ်ကြောင်း၊ ရောဂါကူးစက်ဖြစ်ပေါ်မှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ ကျန်းမာရေးဆိုင်ရာ ဖြေလျှော့မှုများကို လုပ်ဆောင်ပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများနှင့်ပတ်သက်၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဂိတ်များမှတစ်ဆင့် ရောက်ရှိလာမည့် ကာကွယ်ဆေးများကို ဦးစားပေးသတ်မှတ်ချက်များအလိုက် ထိုးနှံပေးနိုင်ရေး လုပ်ဆောင်ပေးရန်လိုကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ပေးနေရသူများ၏ လုံခြုံရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသာမက ဒေသခံပြည်သူလူထုကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်ကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ပြီဖြစ်သဖြင့် ပြည်ပမှ တင်သွင်းရန် အမှန်တကယ်လိုအပ်မှသာ အရန်အနေဖြင့် တင်သွင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေး၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် စီမံခန့်ခွဲမှုကောင်းစွာဖြင့် လုပ်ငန်းအောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၆ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ဥပဒေရေးရာဝန်ကြီးဌာန (Ministry of Legal Affairs) အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၇ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာသီတာဦးအား ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၈ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစန်းလွင်အား ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# မကောင်းကံစေတနာတို့ကို ဖယ်ရှားနိုင်ကြစေ

**နွယ်လင်း**

ပြီးခဲ့တဲ့ရက်ပိုင်းက ရပ်ကွက်စာရေးကြီးတစ်ဦး တပ်သတင်းပေးဟု စွပ်စွဲခံရပြီး ခေါင်းကို သေနတ်နဲ့ ပစ်ခံရတယ်ဆိုတဲ့သတင်းတစ်ခုကို လူမှုကွန်ရက်စာမျက်နှာမှာ တွေ့လိုက်ရပါတယ်။ ပို့စ်တင်တဲ့သူက “ ဒီညနေ စာရေးကြီးရဲ့အမျိုးသမီး ကရင်မကြီး ပြောတာကြားရတော့ စိတ်ထဲမကောင်း၊ လွန်ခဲ့တဲ့လတွေကတည်းက သူ့ပုံနဲ့ ဒလန်ဆိုပြီး လိုင်းပေါ်တင်နေကြလို့ စိတ်ပူပြီး အလုပ်ထွက်ခိုင်းတာကို တို့မှ ဘာမှမလုပ်ဘဲ မိန်းမရယ်။ နောက်လေးနှစ်ဆို ပင်စင်ယူရတော့မှာ၊ ပင်စင်မယူခင် ဝန်ထမ်းအိမ်ရာက ဖယ်ပေးနိုင်ဖို့ အိမ်ငှားခလေး စုရဦးမယ်ဆိုပြီး အလုပ်ဆက်ဆင်းနေတာ၊ ခုတော့ သူစုထားတာလေးနဲ့ သူ့အတွက် ဘုန်းကြီးကျောင်းလည်း လှူမယ်၊ ဘုရားကျောင်းမှာလည်း ဆုတောင်းပေးမယ်”တဲ့။

**လူတစ်ယောက်သေသွားလို့ ဝမ်းသာတဲ့စိတ်၊ သူတစ်ပါးမိသားစု ပြိုကွဲလို့ ဝမ်းသာသွားတဲ့စိတ်၊ သူတစ်ပါးစီးပွားကျလို့ ဝမ်းမြောက်သွားတဲ့စိတ်၊ သူတစ်ပါးဒုက္ခရောက်လို့ ကျိတ်ပြီးကျေနပ်နေတဲ့စိတ် ဒီ ဖျတ်ခနဲ ဖျတ်ခနဲ စိတ်လေးတွေဟာ တွေးနေစဉ် အချိန်လေးအတွင်းမှာပဲ ရုပ်က ကုဋေငါးထောင်ရှစ်ရာရှစ်ဆယ်၊ နာမ်က ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားတာနဲ့ ညီမျှတဲ့ အကုသိုလ်ကံအစွမ်းသတ္တိကတော့ ကျန်ရစ်ခဲ့ပါတယ်။ မကောင်းကံပြုသူသည် မကောင်းမှုအကျိုးပေးမှာဖြစ်**

“လက်နက်မဲ့ ပြည်သူတစ်ယောက်ကို ပစ်သတ်လိုက်တိုင်း သူ့နောက်မှာ သူ့ကိုမှီခိုနေတဲ့ မိသားစုရှိတယ်ဆိုတာ မမေ့ကြစေချင်ဘူး။ ကိုယ့်အတွက်ကတော့ လူငယ်ကလေးတစ်ယောက် ဆန္ဒပြပွဲမှာ ကျဆုံးသွားလို့ စိတ်ထိခိုက်ခံစားရတဲ့ မိဘကိုလည်း ကိုယ်ချင်းစာသလို ဒလန်ဆိုပြီး အသတ်ခံလိုက်ရတဲ့ လူတစ်ယောက်ရဲ့ဇနီး ဝမ်းနည်းကြေကွဲမှုကိုလည်း ကိုယ်ချင်းစာရပါတယ်” ဆိုပြီး လူမှုကွန်ရက်စာမျက်နှာမှာ(Share) မျှဝေထားတဲ့ပို့စ်တစ်ခုကို အမှတ်မထင်ဖတ်လိုက်မိပါတယ်။

### ဘဝရပ်တည်ရှင်သန်ဖို့

ကိုယ်တိုင်လည်း ဇနီးသည်တစ်ဦးမို့ အိမ်ထောင်တစ်ခုမှာ အဓိကဝင်ငွေရှာပေးနေတဲ့ အိမ်ထောင်ဦးစီးခင်ပွန်းဆုံးရှုံးမှုကို တကယ်ပဲ ကိုယ်ချင်းစာနာမိပါတယ်။ သားသမီးတွေအတွက် စိတ်ဓာတ်ကျလဲပြိုနေလို့မဖြစ်လို့ အားတင်းနေရပေမယ့် ဆက်လက်ပြီး ဘဝရပ်တည်ရှင်သန်ဖို့ ခွန်အားမဲ့နေမယ်ဆိုတာ နားလည်ပါတယ်။

လူတစ်ယောက် အသက်ရှင်နေထိုင်ဖို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးမှာ နေ့စေ့ကံကုန်လို့ သေဆုံးရခြင်းမဟုတ်ဘဲ တစ်စုံတစ်ခုသောပယောဂကြောင့် အသက်ဆုံးရှုံးရခြင်းဖြစ်တဲ့အတွက်လည်း ဖြေမဆည်နိုင်စရာဖြစ်ပါတယ်။ ရောဂါတစ်ခုခုကပ်ငြိလို့ လက်လွှတ်လိုက်ရတယ်ဆိုရင်တောင်မှ ပြုစုကုသခွင့်ရလိုက်လို့ ဖြေသာချင် ဖြေသာနိုင်ပါတယ်။ အခုက စွပ်စွဲသလိုလည်းမဟုတ်၊ ထင်ရာမြင်ရာကို လိုရာဆွဲ ကောက်ချက်ချပြီး တစ်ဖက်သတ်အမိန့်ချ စီရင်လိုက်ခြင်းဖြစ်ပါတယ်။

မိသားစုတစ်ခုအတွက် မိသားစုဝင်တစ်ဦး ဆုံးရှုံးခြင်းက ဘဝတစ်သက်တာမှာ ပြန်လည်အစားထိုးလို့မရတဲ့ ကွက်လပ်တစ်ခုဖြစ်ပါတယ်။ ဒီလိုမိသားစုတွေ ဘယ်လောက်များနေပြီလဲ။ ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် ဖေဖော်ဝါရီလ နောက်ပိုင်းက စတင်လာတာဖြစ်ပါတယ်။ သူလျှို၊ ဒလန်၊ သတင်းပေးစသဖြင့် အမျိုးမျိုးခေါင်းစဉ်တပ်ကြပါတယ်။ ငယ်ရွယ်သူမို့ မချန်သလို အသက်အရွယ်ကြီးသူ မိဘအရွယ်မို့လည်း မချန်ပါဘူး။ လူကြီး၊ လူလတ် အသက်အရွယ်မရွေးကို စီရင်ဆုံးဖြတ်ရိုင်းစိုင်းရက်စက်နေကြတာ ဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်

ကိုဗစ် – ၁၉ ကပ်ရောဂါကြီး ဖိစီးနှိပ်စက်နေတဲ့ အခုလိုအချိန်မှာတောင် ကင်းလွတ်ခွင့်၊ ချမ်းသာမပေးကြပါဘူး။ ဒီရောဂါဆိုးကြီးကနေ လွတ်မြောက်ဖို့ တစ်ခုတည်းသော ထွက်ပေါက်က ကာကွယ်ဆေးထိုးနှံခွင့်ရရှိရေးဖြစ်တဲ့အတွက် တစ်ကမ္ဘာလုံးမှာ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို နိုင်ငံတိုင်း၊ အစိုးရတိုင်းက အင်တိုက်အားတိုက်ဆောင်ရွက်နေကြပြီး ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်နေကြတာဖြစ်ပါတယ်။

ကာကွယ်ဆေးလွှမ်းခြုံမှု များတဲ့နိုင်ငံတွေက ကိုဗစ် – ၁၉ ကြောင့် ရောဂါပြင်းထန်မှု၊ အသက်ဆုံးရှုံးရမှုတွေကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်တာလည်း အထင်အရှားပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာလည်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်း အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အချိန်တိုတိုအတွင်း လူဦးရေတော်တော်များများ ထိုးနှံခွင့်ရရှိဖို့၊ ကာကွယ်ဆေးလွှမ်းခြုံနိုင်မှု အားကောင်းလာဖို့ဆိုတာ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အင်အားနဲ့တင် မဖြစ်နိုင်ပါဘူး။

ဒါကြောင့် တတ်ကျွမ်းနားလည်သူတွေကို တစ်ထောင့်တစ်နေရာက ဝိုင်းဝန်းကူညီကြဖို့ကိုလည်း နိုင်ငံတော်အစိုးရနဲ့ ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်နေပါတယ်။ ဒီလိုလိုအပ်ချက်တွေကို သိမြင်နားလည်တဲ့ ပြည်သူတွေ၊ လူငယ်တွေက ပူးပေါင်းပါဝင်ကြတာကိုလည်း အားတက်ဖွယ်တွေ့မြင်ရပါတယ်။

ဒါပေမဲ့ မင်းသားမလုပ်ရရင် ပတ်မကြီးထိုးဖောက်လိုတဲ့ လူတစ်စုက ကာကွယ်ဆေးထိုးစုရပ်တွေမှာ ဖုံးထောင်ပါတယ်။ အမိအဘ၊ အဘိုးအဘွားတွေ၊ ပြည်သူတွေ ကာကွယ်ဆေးထိုးနှံရေးမှာ ကိုယ်ကျိုးစီးပွားမပါဘဲ ကူညီပေးနေတဲ့ စေတနာလုပ်အားရှင်တွေကို သွေးထွက်သံယို အနာတရဖြစ်အောင် အကြမ်းဖက်လုပ်ငန်းတွေကို လုပ်ဆောင်ကြတာကို တွေ့မြင်နေရပါတယ်။

### မေးခွန်းထုတ်ချင်မိ

ဒါ့အပြင် ပြည်သူတွေ ယုံကြည်မှုကင်းမဲ့အောင်၊ ကာကွယ်ဆေးမထိုးကြဖို့ မဟုတ်မမှန်သတင်းတွေကို ဖြန့်ပါတယ်။ ဒီလို လုပ်ဆောင်နေတာ ခေတ်ပညာတတ်တွေ၊ ကျန်းမာရေးအသိပညာ မြင့်မားသူတွေတောင် ပါဝင်နေတယ်ဆိုတာကိုလည်း အံ့သြဖွယ်တွေ့မြင်ရပါတယ်။ ဘယ်လိုစိတ်ဓာတ်တွေနဲ့ ဒီလောက်တောင် ရက်စက်နိုင်ကြတာလဲလို့ မေးခွန်းထုတ်ချင်မိပါတယ်။

**လူတစ်ယောက်သေသွားလို့ ဝမ်းသာတဲ့စိတ်၊ သူတစ်ပါးမိသားစုပြိုကွဲလို့ ဝမ်းသာသွားတဲ့စိတ်၊ သူတစ်ပါးစီးပွားကျလို့ ဝမ်းမြောက်သွားတဲ့စိတ်၊ သူတစ်ပါး ဒုက္ခရောက်လို့ ကျိတ်ပြီး ကျေနပ်နေတဲ့စိတ် ဒီဖျတ်ခနဲ ဖျတ်ခနဲ စိတ်လေးတွေဟာ တွေးနေစဉ် အချိန်လေးအတွင်းမှာပဲ ရုပ်က ကုဋေငါးထောင် ရှစ်ရာ့ရှစ်ဆယ်၊ နာမ်ကကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားတာနဲ့ညီမျှတဲ့အကုသိုလ်ကံအစွမ်းသတ္တိကတော့ ကျန်ရစ်ခဲ့ပါတယ်။ မကောင်းကံပြုသူသည် မကောင်းမှုအကျိုးပေးမှာ ဖြစ်ပါတယ်။**

အကုသိုလ်စေတနာဇောက ကြီးရင် ကြီးသလောက် ပြန်လည်အကျိုးခံစားရမှာဖြစ်ပြီး လူဆင်းရဲဘဝနဲ့ လင်မယားကွဲ၊ သားကွဲမယားကွဲ ဘဝဆိုးနဲ့ ဒုက္ခရောက်၊ အသက်တိုရတဲ့ ဘဝပေါင်းများစွာကို တွန်းပို့လိုက်တတ်ပါတယ်လို့ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး မိန့်ဆိုခဲ့တာကို အမှတ်ရမိပါတယ်။

ကံဆိုတာ အလုပ်ဖြစ်ပါတယ်။ ကိုယ်ဖြင့်ပြုလုပ်ခြင်း (ကာယကံ)၊ နှုတ်ဖြင့်ပြုလုပ်ခြင်း (ဝစီကံ)၊ စိတ်ဖြင့်ပြုလုပ်ခြင်း (မနောကံ) ဒီကံသုံးပါးဟာ စေ့ဆော်မှုစိတ်အစဉ် (စေတနာ) ကို အရင်းခံပြီး ဖြစ်ပေါ်လာရတဲ့အတွက် စေတနာကို ကံလို့လည်း ခေါ်ဆိုလို့ရပါတယ်။ ဒါကြောင့် စေတနာကောင်းရင် ကံကောင်းကြမှာ ဖြစ်ပါတယ်။

**လောကမှာ လူအပါအဝင် သတ္တဝါဟူသမျှတို့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်ပါတယ်။ သတ္တဝါတို့ ဘဝသံသရာကျင်လည်ရာမှာ လူဖြစ်ရခြင်း၊ နတ်ဖြစ်ရခြင်း၊ တိရစ္ဆာန်ဖြစ်ရခြင်း စသဖြင့် ဘဝအမျိုးမျိုးရောက်ရခြင်းဟာ မိမိတို့ပြုလုပ်ခဲ့တဲ့ ကံတရားကြောင့် ဖြစ်ပါတယ်။ ကံအစွမ်းကြောင့် အချို့သူတွေက ရှင်ဘုရင်၊ သူဌေး၊ သူကြွယ်၊ အချို့က လူမွဲ၊ လူဆင်းရဲ ဖြစ်ကြရပါတယ်။ ကံသည် ဆင်းရဲ၊ ချမ်းသာ၊ အယုတ်၊ အလတ်၊ အမြတ် ကွဲပြားအောင်၊ လူမှုဘဝအဆင့်အတန်းတွေကို စီမံဖန်တီးပေးတတ်ပြီး လူတိုင်းဟာ ကံအလျောက် မိမိနဲ့ ထိုက်တန်တဲ့ဘဝတွေကို ရရှိကြတာဖြစ်ပါတယ်။**

### မိမိတို့ မိုက်ပြစ်ကို မိမိတို့သာ ခံကြရမှာဖြစ်

သတ္တဝါမှန်သမျှသည် မိမိတို့ပြုလုပ်တဲ့ ကောင်းမှုကံ၊ မကောင်းမှုကံအရ ခံကြရ၊ စံကြရတာဖြစ်ပါတယ်။ ကောင်းမှုကံကြောင့် ကောင်းကျိုးခံစားရမှာဖြစ်ပြီး မကောင်းမှုကံကြောင့် မကောင်းကျိုးအတိုင်း ပေးဆပ်ရတာဖြစ်ပါတယ်။ ကောင်းမှု၊ မကောင်းမှုကံတို့ရဲ့ သဘောက ရှေးဘဝကပြုခဲ့တဲ့ကံကြောင့် ယခုဘဝမှာ အကျိုးတရားကို ခံစားရနိုင်သလို၊ ယခုဘဝပြုလုပ်လိုက်တဲ့ ကံကြောင့် နောက်ဘဝမခြားဘဲ ယခုဘဝမှာပင် ချက်ချင်းအကျိုးပေး ခံစားရနိုင်ပါတယ်။ ဒီလို ကံအကျိုးပေးမှုကို ဘယ်တန်ခိုးရှင်ကမှ ပြုပြင်ဖန်တီးပေးလို့၊ ကိုယ်စားခံပေးလို့ မရပါဘူး။ မိမိတို့ မိုက်ပြစ်ကို မိမိတို့သာ ခံကြရမှာဖြစ်ပါတယ်။

“သေရွာကာလ၊ ရောက်ကြသောအခါ
ကိုယ့်နောက်ကိုကား ဘာများပါမှာ
ပစ္စည်းစုစု တစ်ခုမပါ
ကိုယ်ပြုထား ကံများပါမည်သာ” လို့

မကောင်းကံတွေ မပြုမိဖို့၊ သတိသံဝေဂရကြစေဖို့ ကံနဲ့ပတ်သက်ပြီး စပ်ဆိုဆုံးမထားပါတယ်။

ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းအားဖြင့် လူ့လောကမှာ နေ့စဉ်ကြုံတွေ့ရနိုင်တဲ့ အမျက်ထွက်မှုဒေါသ၊ ထောင်လွှားမှု မာန၊ မနာလိုဖြစ်မှု ဣဿာ၊ ဝန်တိုမှု မစ္ဆရိယတို့ကို အသင့်အတင့်နှလုံးသွင်းနိုင်ခြင်း ယောနိသောမနသိကာရ လက်ကိုင်ထားကာ တစ်ဦးကိုတစ်ဦး ရန်ပြုတိုက်ခိုက်လိုခြင်း၊ ဆင်းရဲလိုခြင်း မကောင်းကံစေတနာတို့ကို ဖယ်ရှားနိုင်ကြပါစေ။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားဟူသော မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့အညီ ကောင်းသောစိတ်ထားများ မွေးမြူနိုင်ကြပါစေ။ ။

**လောကမှာ လူအပါအဝင် သတ္တဝါဟူသမျှတို့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်ပါတယ်။ သတ္တဝါတို့ ဘဝသံသရာကျင်လည်ရာမှာ လူဖြစ်ရခြင်း၊ နတ်ဖြစ်ရခြင်း၊ တိရစ္ဆာန်ဖြစ်ရခြင်း စသဖြင့် ဘဝအမျိုးမျိုးရောက်ရခြင်းဟာ မိမိတို့ပြုလုပ်ခဲ့တဲ့ ကံတရားကြောင့်ဖြစ်ပါတယ်။ ကံအစွမ်းကြောင့် အချို့သူတွေက ရှင်ဘုရင်၊ သူဌေး၊ သူကြွယ်၊ အချို့က လူမွဲ၊ လူဆင်းရဲဖြစ်ကြရပါတယ်။ ကံသည် ဆင်းရဲ၊ ချမ်းသာ၊ အယုတ်၊ အလတ်၊ အမြတ် ကွဲပြားအောင်၊ လူမှုဘဝအဆင့်အတန်းတွေကို စီမံဖန်တီးပေးတတ်ပြီး လူတိုင်းဟာ ကံအလျောက် မိမိနဲ့ထိုက်တန်တဲ့ ဘဝတွေကို ရရှိကြတာဖြစ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ထုတ်လွှင့်တင်ဆက်မှုများ သစ်လွင်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မှာကြား

**ရန်ကုန် ဩဂုတ် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရိုက်ကူးထုတ်လွှင့်ရေးလုပ်ငန်းများ၊ စတူဒီယိုခန်းမများ၊ သတင်းခန်းများ၊ နိုင်ငံတော်ဆိုင်းဝိုင်းနှင့် သံစုံတီးဝိုင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရှိ ဌာနခွဲအသီးသီးမှ တာဝန်ရှိသူ အရာထမ်းများနှင့် အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် သမိုင်းအစဉ်အဆက် အစဉ်အလာကောင်းများဖြင့် သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် ဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ပြောင်းလဲနေသည့် နိုင်ငံရေး အခင်းအကျင်းများကြားတွင် နိုင်ငံတော်ဘက်မှ ရပ်တည်၍ ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ဝန်ဆောင်မှုပြုနေသည့် ဌာနကြီးတစ်ခုလည်းဖြစ်ကြောင်း။

**တီထွင်ကြံဆလုပ်ဆောင်**

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် အောင်မြင်ရေးအတွက် မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သမားရိုးကျနည်းလမ်းများဖြင့် ဆောင်ရွက်၍မရဘဲ ပြောင်းလဲနေသည့် လူမှုဝလေ့စရိုက်များ၊ ပြည်သူများ၏ သိမြင်ခံစားမှုများ၊ မိမိတို့ မြန်မာလူမျိုးများ၏ "စံ" တန်ဖိုးထားရှိမှုများ၊ တိုးတက်လာသည့် နည်းပညာရပ်များအပေါ် အခြေခံ၍ ပိုမိုသစ်လွင်ကောင်းမွန်စေရေး တီထွင်ကြံဆလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများအား မီဒီယာနည်းလမ်းများဖြင့် ဝန်ဆောင်မှုပေးရာတွင် သမားရိုးကျလုပ်နည်းလုပ်ဟန်ဟောင်းများဖြင့် ဝန်ဆောင်မှုပေးနေပါက အောင်မြင်မှု မရနိုင်ပါကြောင်း။

ယနေ့ (၂၁)ရာစုတွင် မီဒီယာလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများသည် ဒစ်ဂျစ်တယ်နည်းပညာရပ်များအပေါ် အခြေခံ၍ အမြဲဆန်းသစ်တီထွင် ထုတ်လွှင့်တင်ဆက်နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ယနေ့မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် စိန်ရတုကာလတိုင်အောင် လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၅) နှစ်မြောက် စိန်ရတု အခမ်းအနားတွင် **"မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန် ကိုသာမက လူတို့၏ စိတ်နှလုံးကို တက်ကြွအောင် (Motivation) လုပ်ပေးနိုင်ကြောင်း၊ မီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သဖြင့် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး မှန်မှန်ကန်ကန်ဖြစ်ရန် လိုကြောင်း၊ နိုင်ငံတော်အတွက် ထာဝရရှိနေမည့် နိုင်ငံတော်က အားထားရသော၊ ပြည်သူက အားကိုးရသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဖြစ်စေလိုသည်"**ဟု လမ်းညွှန်ခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရုံး ရုပ်မြင်ဆောင်ရှိ စတူဒီယိုအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ပေါင်းစပ်ဆောင်ရွက်ပေးရန်လိုအပ်**

မိမိတို့လက်ထက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ပိုမိုဆန်းသစ်၍ ပြောင်းလဲထုတ်လွှင့်ပေးရန် အတူတကွ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်လွှင့်တင်ဆက်ရာတွင် ပြည်သူလူထုအတွင်း၌ သာမန်ထက်ပို၍ ဖြစ်ပေါ်နေသော နာကျည်းမှုများ၊ မုန်းတီးမှုများ၊ စိတ်သောကရောက်နေမှုများကို ပြေပျောက်စေပြီး ပျော်ရွှင်အေးချမ်းသည့် မြန်မာ့လူ့အဖွဲ့အစည်းကြီးတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် အနုပညာရပ်များ၊ မီဒီယာနည်းလမ်းများဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထိုမှတစ်ဆင့် ပြည်သူများ အသိမှန်၊ အတွေးမှန်၊ အလုပ်မှန်၍ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကျိုးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်တွင် ကိုဗစ်-၁၉ ရောဂါကန့်သတ်ချက်များနှင့် မသမာသူလူအချို့၏ ခြိမ်းခြောက်၊ အကျပ်ကိုင်၊ နှောင့်ယှက်မှုများကြောင့် ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်များ၌ ထိခိုက်နစ်နာမှုများ ကြုံတွေ့နေကြသည်ကို စိတ်မကောင်းဖွယ်တွေ့ရှိရပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် စာပေ၊ ရုပ်ရှင်၊ ဂီတနှင့် သတင်းမီဒီယာလောကအတွက် တာဝန်ရှိသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သဖြင့် ၎င်းတို့၏ ထိခိုက်နစ်နာမှုများ ပြေပျောက်ရန် တက်ညီ လက်ညီ ကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် ဝန်ထမ်းများက မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရှိ စတူဒီယိုများတွင် တေးသီချင်းနှင့် အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်မှုများကို လည်းကောင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီး၏ လေ့ကျင့်နေမှုကို လည်းကောင်း၊ နိုင်ငံတော်သံစုံတီးဝိုင်း၏ လေ့ကျင့်မှုနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့၏ လေ့ကျင့်မှုကို လည်းကောင်း၊ ဓာတ်ပြားတိုက်တွင် ဓာတ်ပြားများ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မီတာ ၂၀၀၊ မီတာ ၁၀၀ တာဝါများနှင့် ရိုက်ကူးထုတ်လွှင့်ရေးများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များ၊ ဂီတအနုပညာရှင်ကြီးများနှင့်တွေ့ဆုံ၍ ဂီတလောကသားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရေးကိစ္စများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး ညနေပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံနှင့် FM ရေဒီယို စီစဉ်ထုတ်လွှင့်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

## စာဖတ်ပါက ကြည့်နူးရ

❖ စာမဖတ်က လူ့အောက်ကျ ဘဝတက်လမ်း မရှိနိုင်။

❖ စာဖတ်ပါက အမြင်ရ ဗဟုသုတ ကြွယ်ဝမည်။

❖ အမြင်သိပြား မှန်အမှား ခွဲခြားတတ်ပေမည်။

❖ အသိများသော် အတွေးပေါ် အတော်အညံ့ ခွဲတတ်မည်။

❖ စာဖတ်ခြင်းမှ ကောင်းကျိုးရ တိုးတက်ပျော်ရွှင် ချမ်းသာမည်။

❖ စာဖတ်သူများ တိုးတက်ပွားက တိုင်းကားပြည်ရွာ ဖွံ့ဖြိုးလာမည်။

❖ သာယာအေးချမ်း ဘေးမသန်းဘဲ ဝမ်းသာကြည်နူးကြပေမည်။

ချစ်နိုင်(စိတ်ပညာ)

# ရန်ကင်းမြို့နယ်အတွင်း စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီက ရန်ကင်းမြို့နယ် ဆရာစံလမ်း၊ မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းဆုံ၌ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က တာဝန်ယူဆောင်ရွက်နေသည့် ဧရိယာ ၈၀၀၂၈ စတုရန်းပေ၊ ဒု ၁၁ လက်မရှိ လမ်းသားတင်ကွန်ကရစ်ခင်းကျင်းနေမှုနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းအတွင်းမှ အမှိုက်များနှင့် သဲမြေများ ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကင်းမြို့နယ် (၂)ရပ်ကွက် ရန်အောင်လမ်းရှိ ခုနစ်ပင်လိမ်ချောင်းအတွင်း ၂၁ တန် Amphibious Excavator ယန္တရားယာဉ်ဖြင့် အဆိုပါ ချောင်းအတွင်း ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**



# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာ အရေးပါသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၈-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်းခရီးသည်များမှတစ်ဆင့် COVID-19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၀-၉-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ထားဝယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်း

**ထားဝယ် ဩဂုတ် ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အိမ်သုံးအောက်ဆီဂျင်စက် (10-Liter)၊ ဆန်နှင့်ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးတွင် အိမ်သုံးအောက်ဆီဂျင်စက် (10-Liter) အပါအဝင် ဆန်နှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယခုလှူဒါန်းသည့် အိမ်သုံးအောက်ဆီဂျင်စက်များကိုလည်း လိုအပ်သည့်နေရာများသို့ ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အိမ်သုံးအောက်ဆီဂျင်စက် (10-Liter) အလုံး၁၀၀၊ ဆန်အိတ် ၂၅၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ၁၀ ထည်တို့ကို ဦးကျော်ခင် (Tzu Chi Buddhist Foundation Yangon) က ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးကျော်ခင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




## မကွေးမြို့နယ်၌ အခြေခံလူတန်းစားအိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်




**မကွေး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည် မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာနှင့် ချမ်းမြေ့သာယာရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၉၀၆ စု တို့အား ယမန်နေ့ နံနက် ၈ နာရီက အခြေခံစားသောက်ကုန် လေးမျိုးနှင့် နှာခေါင်းစည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းသို့ ပေးအပ်ရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာအုပ်စု အေးမြသာယာကျေးရွာရှိ မဟာဓမ္မဇေယျကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်နေသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၃၉၄ စု တို့အား တစ်အိမ်ထောင်လျှင် ဆန် သုံးပြည်၊ ကြက်ဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက် ငါးထုပ်နှင့် နှာခေါင်းစည်း ၁၀ ခုတို့ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာအုပ်စု ချမ်းမြေ့သာယာရပ်ကွက်ရှိ ချမ်းမြေ့ရိပ်သာကျောင်းဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် အခြေခံလူတန်းစားအိမ်ထောင်စု ၅၁၂ စု တို့အတွက် တစ်အိမ်ထောင်လျှင် ဆန် သုံးပြည်၊ ကြက်ဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက် ငါးထုပ်နှင့် နှာခေါင်းစည်း ၁၀ ခု တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကိုဗစ်စင်တာများသို့ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ၊ အင်အားဖြည့်အစားအစာများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ် - ၁၉ ရောဂါ ဝေဒနာခံစားနေရသည့် ဒေသခံတိုင်းရင်းသားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆေးဝါးနှင့်အထောက်အကူပြုပစ္စည်းများ အင်အားဖြည့်အစားအစာများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ ထောက်ပံ့လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် (နမ့်ဖတ်ကာ) အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအစဉ်အရ ဖွင့်လှစ်ထားသည့် ကိုဗစ်စင်တာများတွင် တက်ရောက်ကုသနေသည့် တိုင်းရင်းသားများအတွက် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ၊ အင်အားဖြည့်အစားအစာများကို နယ်စပ်ရေးရာဝန်ကြီးဌာနက သက်ဆိုင်ရာ ကိုဗစ်စင်တာများသို့ သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ကမ္ဘာကြီးမှာ ဗီဇပြောင်းပိုးတွေက သူ့ထက်သူ လူစွမ်းကောင်းတွေ ထွက်ပေါ်နေပါတယ်။ ကာကွယ်ဆေးထိုးနှံသူ များလာလေလေ ဗီဇပြောင်းပိုးတွေဖြစ်ပေါ်မှုအန္တရာယ် နည်းလေလေဖြစ်ပါတယ်

**ဒေါက်တာခင်ခင်ကြီး**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

**(ယမန်နေ့မှအဆက်)**

ကိုဗစ် – ၁၉ တတိယလှိုင်းမှာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ ပြည်ပနိုင်ငံတွေကနေ ဝင်ရောက်ကူးစက်မှု မရှိစေရေး သေချာစောင့်ကြပ်ကြည့်ရှုပါတယ်။ ကူးစက်မှုများတဲ့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ယူကေနိုင်ငံတွေက ပြန်လာသူတွေကို ကွာရန်တင်း ၁၄ ရက် ထားပါတယ်။ ရောက်ပြီး သုံးရက်နဲ့ ၁၁ ရက်မှာ ဓာတ်ခွဲနမူနာစစ်ဆေးပါတယ်။ ကျန်တဲ့နိုင်ငံတွေက ဝင်ရောက်လာသူတွေကို ကွာရန်တင်း ၁၀ ရက်ထားပါတယ်။ သုံးရက်နဲ့ ခုနစ်ရက်မှာ စစ်ဆေးပါတယ်။ PCR နဲ့ စစ်ဆေးတာဖြစ်ပါတယ်။

စစ်ဆေးပြီး ပိုးမတွေ့ဘူးဆိုမှ ကွာရန်တင်းက လွှတ်ပေးတာဖြစ်ပါတယ်။ လေကြောင်း၊ ရေကြောင်းကနေ ကူးစက်မှုတွေ မလာစေဖို့၊ ကုန်းလမ်းက ဝင်ရောက်လာသူတွေကနေတစ်ဆင့် အခြားသူတွေကို ကူးစက်မှုမရှိစေဖို့ အသွားအလာ ၁၀ ရက် ကန့်သတ်တာတွေကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုက ကိုဗစ် – ၁၉ ရောဂါပိုးကူးစက်ခံရသူတွေကို စောစီးစွာရှာဖွေဖော်ထုတ်ဖို့ အရေးကြီးပါတယ်။ ဒီလိုရှာဖွေဖော်ထုတ်ဖို့ ဓာတ်ခွဲစစ်ဆေးမှု(Test) လိုပါတယ်။ Test လို့ပြောပေမယ့် ပြည်သူ့ကျန်းမာရေး ဆောင်ရွက်ချက်တွေ မလိုက်လာဘူးဆိုရင် စစ်သာစစ်တယ် အလကားပဲ၊ အဓိပ္ပာယ်မရှိဘူးလို့ WHO က ပြောထားပါတယ်။

ဒါကြောင့် သံသယလက္ခဏာရှိတဲ့သူတွေကို စစ်ဆေးပါတယ်။ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးနိုင်ဖို့ Test Center တွေ ဖွင့်လှစ်တာရှိပါတယ်။ မြို့နယ်အလိုက် Mobile Swab Team တွေက Rapid Test တွေနဲ့စစ်ပါတယ်။ ဒါကို WHO က Rapid Test နဲ့ စစ်တယ်ဆိုတာ အချိန်တိုတိုအတွင်းမှာအဖြေရပါတယ်၊ နေရာမရွေးသွားရောက်စစ်ဆေးနိုင်တယ်၊ အလွယ်တကူလုပ်ဆောင်နိုင်တဲ့အတွက် အကျိုးရှိပါတယ်လို့ ပြောထားပါတယ်။ နောက် တပ်မတော်က ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းတွေမှာ PCR နဲ့ စစ်ဆေးတာတွေ ရှိပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းတွေမှာ PCR နဲ့ Rapid Test စစ်ဆေးမှုတွေကို ခွင့်ပြုပါတယ်။ ဒီလိုနည်းနဲ့ ရောဂါရှိတဲ့သူတွေကို စောစီးစွာဖော်ထုတ်နိုင်ဖို့ ဆောင်ရွက်ပါတယ်။

အတည်ပြုလူနာကတစ်ဆင့် အခြားသူတွေကို ကူးစက်မှုမရှိစေဖို့ သူတို့ရဲ့ရောဂါပြင်းထန်မှုအပေါ်မူတည်ပြီး ဆေးရုံတွေ၊ ကိုဗစ်ကုသရေးစင်တာတွေမှာ ထားရှိပြီး ကုသပေးပါတယ်။ Community Positive Center တွေ ဖွင့်လှစ်ပါတယ်။ ပုဂ္ဂလိကဆေးရုံတွေမှာလည်း လူနာတွေ လက်ခံကုသပေးဖို့ ဆောင်ရွက်သလို အောက်ဆီဂျင်ရရှိရေးကို ရေတို၊ ရေရှည်ရည်မှန်းချက်တွေ ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ လက်ရှိအောက်ဆီဂျင်လိုအပ်ချက်နဲ့စာရင် ထုတ်လုပ်နိုင်စွမ်းက ပိုပြီးများလာတဲ့အနေအထားကို တွေ့ရမှာ ဖြစ်ပါတယ်။



မော်လမြိုင်မြို့ မြဆည်းဆာ ဘိုးဘွားရိပ်သာတွင် သက်ကြီးဘိုးဘွားများအား ဩဂုတ် ၂၆ ရက်က ဒုတိယအကြိမ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။ ဓာတ်ပုံ– ခရိုင် (ပြန်/ဆက်)

စစ်ဆေးလို့ ပိုးတွေ့တယ်ဆိုရင် သူတို့ရဲ့မိသားစုဝင်တွေနဲ့ လုပ်ငန်းခွင်ကမိတ်ဆွေတွေစတဲ့ အနီးကပ်ထိတွေ့သူတွေကို အသွားအလာ ၁၀ ရက် ကန့်သတ်ထားပြီး သုံးရက်နဲ့ ၁၀ ရက်မြောက်တဲ့နေ့တွေမှာ စစ်ဆေးပါတယ်။ နောက် Stay at Home မြို့နယ်တွေက လာတဲ့သူတွေကို အသွားအလာ ၁၀ ရက် ကန့်သတ်ထားပြီး သုံးရက်နဲ့ ၁၀ ရက်မြောက်နေ့တွေမှာ စစ်ဆေးပါတယ်။ ကိုဗစ် – ၁၉ ရောဂါပိုးတွေ့သူတွေကို ဝေဒနာပြင်းထန်မှု၊ အသက်အရွယ်၊ နောက်ခံရောဂါအပေါ်မူတည်ပြီး ကုသရမယ့်ဆေးရုံနဲ့ ကုသရေးဌာနတွေကို လွှဲပြောင်းပေးတာတွေရှိပါတယ်။

ကူးစက်မှုများတဲ့ မြို့နယ်တွေကို Stay at Home အိမ်မှာနေထိုင်စေရေးအစီအစဉ် ချမှတ်လုပ်ဆောင်နေတာ အခုဆိုရင် ၁၁၉ မြို့နယ်ရှိပြီဖြစ်ပါတယ်။ Stay at Home မဟုတ်တဲ့ မြို့နယ်တွေမှာ ရောဂါကာကွယ်ထိန်းချုပ်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားဖို့ လိုပါတယ်။ လိုက်နာရမယ့် စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာဖို့အသိပေးတာ၊ သတိပေးတာ၊ ပညာပေးတာ၊ လိုက်နာမှု အားနည်းရင် အရေးယူတာတွေ ရှိပါတယ်။

ကူးစက်မှုအခြေအနေအပေါ် မူတည်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်ကျန်းမာရေးဌာနတွေ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေက Stay at Home မလုပ်ဘဲ ဒေသအလိုက် အသွားအလာကန့်သတ်တာ၊ အချိန်ကန့်သတ်မှုနဲ့ အိမ်ပြင်ထွက်ခွင့် (Movement Control) ဆောင်ရွက်ပါတယ်။ အချို့နေရာတွေက လူနေကလည်း ကျဲပါးတယ်၊ ဖြစ်တာကလည်း အုပ်စုလိုက်ဖြစ်တယ်ဆိုရင် ဖြစ်တဲ့နေရာကိုလုပ်ခြင်းဖြင့် ကျန်တဲ့စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ အုပ်ချုပ်ရေး စတဲ့ကိစ္စရပ်တွေကို ကောင်းမွန်စွာဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။

ရုံးပိတ်ရက်တွေကို ခြောက်ကြိမ်ပိတ်ပေးပါတယ်။ စာသင်ကျောင်းတွေလည်း ပိတ်တယ်။ ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေအပေါ် မူတည်ပြီး ပြည်သူလူထုထဲမှာ ကူးစက်နိုင်ခြေရှိတဲ့သူတွေကို ကျန်းမာရေးအသိပညာ ပိုပေးတယ်။ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အကျဉ်းထောင်၊ ဘိုးဘွားရိပ်သာနဲ့ စာသင်ကျောင်းတွေကို အသိပညာပေးပါတယ်။

ဒီနှစ်ထဲမှာ ကာကွယ်ဆေးအနည်းဆုံး ၅၀ ရာခိုင်နှုန်း ထိုးနှံပေးနိုင်ဖို့နဲ့ ဒီထက်ပိုပြီး ထိုးနှံနိုင်ဖို့ ဆောင်ရွက်ပါမယ်။ ကာကွယ်ဆေးထိုးနှံနိုင်မှု အခြေအနေက ဩဂုတ် ၂၂ ရက်အထိ ၄ ဒသမ ၄၆ သန်း ထိုးနှံပြီးဖြစ်ပါတယ်။ ဒီထဲမှာ တစ်ကြိမ်တည်း ထိုးနှံရသေးသူ ၂ ဒသမ ၆၆ သန်းနဲ့ အကြိမ်ပြည့် နှစ်ကြိမ်ထိုးနှံပြီးသူ ၁ ဒသမ ၈ သန်း ပါဝင်ပါတယ်။

ကာကွယ်ဆေးတွေကို ဦးတည်အုပ်စုအလိုက် ထိုးနှံပေးသလို သက်ဆိုင်ရာနီးနွယ်ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို မိမိတစ်နိုင်ငံတည်း ဆောင်ရွက်လို့မရပါဘူး။ ASEAN Network, ASEAN + 3 Network နဲ့ WHO Network ဆိုတာတွေ ရှိပါတယ်။ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အိမ်နီးချင်းနိုင်ငံတွေရဲ့ ရောဂါဖြစ်ပွားမှုတွေကို သေချာစောင့်ကြည့်လေ့လာပါတယ်။ အာဆီယံနိုင်ငံတွေနဲ့ သတင်းအချက်အလက်တွေ ဖလှယ်ပါတယ်။။

ကိုဗစ် – ၁၉ က ဘယ်လောက်ကြာတဲ့အထိဖြစ်မယ်ဆိုတာ မသိနိုင်တဲ့အတွက် စီးပွားရေးထိခိုက်မှု လျော့ပါးစေဖို့အတွက် စီမံထားပါတယ်။ တရုတ် – မြန်မာနယ်စပ်က ကုန်သွယ်ရေးဂိတ်တွေမှာ ဖျားနာမှု ရှိ/ မရှိ Surveillance လုပ်ငန်းဆောင်ရွက်တာ၊ ကိုဗစ် – ၁၉ ရှိ/ မရှိ စစ်ဆေးတာ၊ လိုအပ်ရင် ကွာရန်တင်းထားရှိတာ၊ ကုသရေးစင်တာနဲ့ ဆေးရုံတွေ ပြင်ဆင်တာတွေ လုပ်ပါတယ်။

**Stay at Home မြို့နယ်တွေထဲက ကူးစက်မှုကျသွားပြီး ထိန်းချုပ်နိုင်တဲ့မြို့နယ်တွေကို Stay at Home ကနေ ပယ်ဖျက်ပေးဖို့ အစီအစဉ်ရှိပါတယ်။ ရှေ့တစ်ပတ်မှာ အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူလူထုကို ပြောချင်တာက ကိုဗစ် - ၁၉ တတိယလှိုင်းက ဒုတိယလှိုင်းထက် ပိုပြီးအရှိန်အဟုန်လည်းပြင်းတယ်၊ ကူးစက်မှု၊ သေဆုံးမှုတွေများတယ် ဘာကြောင့်ဖြစ်ရသလဲဆိုတာကို အကြောင်းအရာတစ်ခုခုအပေါ်မှာ သင်ခန်းစာယူတတ်ရင် နောက်ထပ်လှိုင်းတွေ မဖြစ်ပေါ်ဖို့ တားဆီးကာကွယ်ရာမှာ အရေးကြီးပါတယ်**

**ထက်လျှံ**

မူဆယ်ဆေးရုံမှာရှိတဲ့ ဓာတ်ခွဲခန်းကို အဆင့်မြှင့်တင်ပါတယ်။ တရုတ်နိုင်ငံက လှူဒါန်းဖို့စီစဉ်ထားတဲ့ ကိုဗစ် – ၁၉ ကာကွယ်ဆေးတွေကို မူဆယ်နဲ့ နမ့်ခမ်းမှာရှိတဲ့ အသက် ၁၈ နှစ်အထက် လူဦးရေအားလုံးကို ထိုးနှံပေးဖို့နဲ့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှာ ခုတင် ၁၀၀၀ ဆံ့ ကိုဗစ်ကုသရေးစင်တာဆောက်လုပ်တာတွေကို ရေတို၊ ရေရှည်စီမံချက်တွေနဲ့ ဆောင်ရွက်နေပါတယ်။ ဒါတွေက လက်ရှိကိုဗစ် – ၁၉ တတိယလှိုင်းမှာ ဆောင်ရွက်ချက်တွေဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေကို ဟန်ချက်ညီညီဆောင်ရွက်နိုင်လို့ ကူးစက်မှုတွေက ကျဆင်းလာတယ်လို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။ ။** ဖြည့်စွက်ပြောကြားလိုတာ ရှိရင် ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။ ။** လက်ရှိ ကိုဗစ် – ၁၉ တတိယလှိုင်းက ကျဆင်းလာတဲ့အနေအထား တွေ့နေရပါပြီ။ သို့သော် အောက်ခြေအထိ ရောက်သွားတာ မဟုတ်သေးပါဘူး။ ဘယ်လောက်ကြာနိုင်သလဲဆိုရင် နှစ်ပတ်၊ တစ်လလောက်အထိ ကြာနိုင်ပါတယ်။ WHO ကျွမ်းကျင်ပညာရှင်တွေက ကိုဗစ် – ၁၉ တတိယလှိုင်းအနေနဲ့ အောက်တိုဘာလမှာ ကျဆင်းနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ နောက်တစ်လကျော်လောက် ရှန်းကန်ရဦးမယ့်အနေအထား ဖြစ်ပါတယ်။

Stay at Home လုပ်တယ်ဆိုတာ ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ အချို့တွေက ပြောတယ်၊ ကျွန်မတို့မြို့နယ်မှာ ရောဂါဖြစ်ပွားမှုတွေက သိပ်မများဘူး၊ Stay at Home ပါနေတယ်။ အချို့က ရောဂါဖြစ်ပွားမှုများတယ်၊ ဘာကြောင့် Stay at Home မပါသေးတာလဲ စသဖြင့်ပြောနေကြတာတွေနဲ့ ပတ်သက်ပြီး ရှင်းပြလိုပါတယ်။

ရောဂါဖြစ်ပွားမှုအခြေအနေကို သုံးသပ်တဲ့အခါ **ပိုးတွေ့လူနာအရေအတွက် တစ်ခုတည်းကို စဉ်းစားတာ မဟုတ်ပါဘူး။ ပိုးတွေ့လူနာသစ်ဦးရေ၊ ပိုးတွေ့ရာခိုင်နှုန်း၊ တစ်စတုရန်းကီလိုမီတာမှာ လူဦးရေဘယ်လောက်နေထိုင်သလဲ၊ ရောဂါကူးစက်ပျံ့နှံ့မှုက အသိုက်အဝန်းတစ်ခုတည်းမှာ အများကြီးဖြစ်နေတာလား၊ ဟိုတစ်စုဒီတစ်စုဖြစ်နေတာလား၊ ဒါမှမဟုတ် တစ်နေရာတည်းမှာ အစုလိုက် အပြုံလိုက်ဖြစ်နေတာလား၊ ပြည်တွင်းက ကူးစက်တာလား၊ နိုင်ငံခြားက ပြန်လာသူတွေက ကူးစက်တာလား စသဖြင့် ဒါမျိုးတွေကို ကြည့်ပါတယ်။**

ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းတွေဆောင်ရွက်နိုင်တဲ့အခြေအနေ၊ လူအင်အား၊ ဓာတ်ခွဲစမ်းသပ်မှု၊ ရောဂါကာကွယ်ရေးသတ်မှတ်ချက်တွေကို ပြည်သူလူထုက လိုက်နာဆောင်ရွက်နိုင်တဲ့အနေအထား၊ အချို့မြို့နယ်တွေနဲ့ ကူးလူးဆက်သွယ်နိုင်မှုက အချက်အချာကျသလား၊ ရွှေ့ပြောင်းလုပ်သားတွေရှိလား၊ စက်ရုံအလုပ်ရုံတွေများလား၊ နယ်စပ်ဒေသနဲ့ ဆက်စပ်မှုရှိသလားစတဲ့ အချက်တွေအပေါ်မူတည်ပြီး အဘက်ဘက်က သုံးသပ်ဆောင်ရွက်ထားတယ်ဆိုတာ ပြောချင်ပါတယ်။

စာမျက်နှာ ၁၀ သို့ ❖

# ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ကယားပြည်နယ်အစိုးရအဖွဲ့က အလှူတော်ငွေများလှူဒါန်း




**လွိုင်ကော် ဩဂုတ် ၃၀**
ကယားပြည်နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဟင်းလျာများအတွက် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်ရုံးတို့က အလှူတော်ငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီက ကယားပြည်နယ် အစည်းဝေးခန်းမဆောင်၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ယနေ့အချိန်ကာလတွင် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်းဟင်းလျာများ အခက်အခဲရှိနိုင်သဖြင့် မိမိတို့အနေဖြင့် ယခုလို လှူဒါန်းရခြင်း ဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း လစဉ်လှူဒါန်းနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အလှူငွေလှူဒါန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းနှင့် သီလရှင် ၂၄ ပါးအတွက် အလှူတော်ငွေကျပ် ၄၈၀၄၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဆရာတော်များနှင့် သီလရှင်များကိုယ်စား ပြည်နယ်သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွေးနှင့် ဦးစီးအရာရှိ ဒေါ်အိဖြူဖြူခိုင်တို့က လက်ခံရယူခဲ့သည်။

ပြည်နယ်
(ပြန်/ဆက်)

# စစ်တွေမြို့သို့ အောက်ဆီဂျင်စက် ရောက်ရှိ

**စစ်တွေ ဩဂုတ် ၃၀**
ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူခဲ့သည့် အောက်ဆီဂျင်စက် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ယမန်နေ့ ညနေပိုင်းက ရောက်ရှိခဲ့သည်။

အောက်ဆီဂျင်စက် ရောက်ရှိပြောင်းရွှေ့ တပ်ဆင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

**အိုးကြီးအလုံး ၂၈၀ ထုတ်လုပ်**

အဆိုပါ အောက်ဆီဂျင်စက်မှာ တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး ၁၃ လုံး ထုတ်နိုင်မည်ဖြစ်ကာ နားချိန်ပေးပြီးထုတ်ပါက တစ်ရက် အိုးကြီး အလုံး ၂၈၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဝယ်ယူထားသော အောက်ဆီဂျင်စက် ရောက်ရှိလာပြီဖြစ်သည့်အတွက် အောက်ဆီဂျင်ထုတ်လုပ်မှု ပိုမိုရရှိနိုင်မည်ဖြစ်ရာ ပြည်နယ်အတွင်း အောက်ဆီဂျင်လိုအပ်သော မြို့နယ်များကိုလည်း ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဖြန့်ဝေသွားမည်ဖြစ်သည်။

ထိုနေ့ ရောက်ရှိလာသော အောက်ဆီဂျင်စက်အား စတင်တပ်ဆင်လျက်ရှိပြီး စမ်းသပ်ထုတ်လုပ်မှုများပြီးစီးပါက စက်တင်ဘာ ၁ ရက်တွင် အောက်ဆီဂျင်များ ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



# မြစ်ကြီးနားမြို့၌ အောက်ဆီဂျင်အလုံးရေ ၁၂၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံ ဖွင့်လှစ်




**မြစ်ကြီးနား ဩဂုတ် ၃၀**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံးရေ ၁၂၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင် စက်ရုံဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနဝင်းအတွင်း စက်ရုံအဆောက်အအုံရှေ့၌ ကျင်းပသည်။

**စက်ရုံ ၁၁ ရုံ တည်ဆောက်**

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကိုဗစ်-၁၉ ရောဂါပြင်းထန်မှုအဆင့်တွင် ကူးစက်ခံရသူများသည် အောက်ဆီဂျင်လိုအပ်ချက်ကြောင့် သေဆုံးရသည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ ယခုလို အရေးကြီးသည့် အောက်ဆီဂျင် လိုအပ်ချက်ကို သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်နယ်သူ၊ ပြည်နယ်သားများက ပူးပေါင်းပါဝင် ဆောင်ရွက်လာသည်ကို တွေ့ရှိရသည့်အတွက် မိမိတို့အနေဖြင့် အထူးပင်ဝမ်းသာဂုဏ်ယူ မှတ်တမ်းတင်ကျေးဇူးတင်ရှိကြောင်းနှင့် အနာဂတ်ရည်မှန်းချက်အတွက် အောက်ဆီဂျင်အလုံအလောက် ရရှိရေးအတွက် စက်ရုံပေါင်း ၁၁ ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်အား မီးခလုတ်နှိပ် စတင်လည်ပတ်ပေးကြပြီး အောက်ဆီဂျင်စက် လည်ပတ်ထုတ်လုပ်ပုံအဆင့်ဆင့်၊ အောက်ဆီဂျင်အိုးများ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်း ပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❖ စာမျက်နှာ ၉ မှ

Stay at Home မြို့နယ်တွေထဲက ကူးစက်မှုကျသွားပြီး ထိန်းချုပ်နိုင်တဲ့မြို့နယ်တွေကို Stay at Home ကနေ ပယ်ဖျက်ပေးဖို့ အစီအစဉ်ရှိပါတယ်။ ရှေ့တစ်ပတ်မှာ အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူလူထုကို ပြောချင်တာက ကိုဗစ် – ၁၉ တတိယလှိုင်းက ဒုတိယလှိုင်းထက် ပိုပြီးအရှိန်အဟုန်လည်းပြင်းတယ်၊ ကူးစက်မှု၊ သေဆုံးမှုတွေများတယ်၊ ဘာကြောင့်ဖြစ်ရသလဲဆိုတာကို အကြောင်းအရာတစ်ခုခုအပေါ်မှာ သင်ခန်းစာယူတတ်ရင် နောက်ထပ်လှိုင်းတွေ မဖြစ်ပေါ်ဖို့ တားဆီးကာကွယ်ရာမှာ အရေးကြီးပါတယ်။

**တတိယလှိုင်းက ဘာကြောင့်ဖြစ်သလဲဆိုရင် ကိုဗစ် – ၁၉ ဗီဇပြောင်းပိုးတွေက အိမ်နီးချင်းနိုင်ငံမှာဖြစ်တယ်။ အိန္ဒိယနဲ့ မြန်မာ နယ်စပ်ဒေသမှာ တရားမဝင် ဝင်ပေါက်တွေရှိတယ်။ ဗီဇပြောင်းပိုးသယ်ဆောင်လာတဲ့သူတွေကနေ တစ်ဆင့်ကူးစက်မှုတွေရှိတယ်ဆိုတာ သိရပါတယ်။ နောက်တစ်ခုက လုံခြုံရေးအခြေအနေဖြစ်ပါတယ်။ ဝန်ထမ်းအင်အားနည်းပါးတဲ့အခါ နယ်စပ်ဂိတ်တွေမှာ အရင်ကလို စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းတွေ အားနည်းခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ နောက်တစ်ခုက လူစုလူဝေးတွေ ဖြစ်ပေါ်တဲ့အတွက် ရောဂါဖြစ်ပွားမှုက အစုလိုက်အပြုံလိုက်ဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။ သင်ခန်းစာယူစရာတွေကို သင်ခန်းစာယူပြီး စတုတ္ထလှိုင်းမဖြစ်ပေါ်ဖို့ အာရုံစူးစိုက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။**

ကနေဒါနိုင်ငံမှာ စတုတ္ထလှိုင်းဖြစ်ပွားမှုနဲ့ ကြုံနေရပြီ၊ ဖြစ်ပွားမှုတွေနည်းအောင် အဓိကအချက်သုံးချက် တိုက်တွန်းလိုပါတယ်။ ပထမအချက်က ကာကွယ်ဆေးတွေ များများထိုးဖို့ တိုက်တွန်းပါတယ်။ ကမ္ဘာ့ကပ်ရောဂါကို ရပ်တန့်နိုင်တာက ကာကွယ်ဆေးမဟုတ်ပါဘူး၊ ကာကွယ်ဆေးထိုးနှံခြင်း ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေရှိနေပေမယ့် များများထိုးမှ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

ဒုတိယအချက်က **သက်လတ်ပိုင်းလူငယ်တွေမှာ ဖြစ်ပွားမှုတွေများတာကို တွေ့ရပါတယ်။ ဒီ လိုအပ်ချက်အပေါ်မူတည်ပြီး ကာကွယ်ဆေးတွေကို တိုးချဲ့ထိုးပေးဖို့ လိုပါတယ်။ တချို့နိုင်ငံတွေမှာ ကာကွယ်ဆေးထိုးခြင်းကို မထိုးမနေရသတ်မှတ်ထားတာ ရှိပါတယ်။ အထူးသဖြင့် အများပြည်သူနဲ့ ဆက်ဆံနေရတဲ့ဝန်ထမ်းတွေ၊ စက်ရုံအလုပ်ရုံတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ မဖြစ်မနေထိုးရမှာ ဖြစ်ပါတယ်။ မထိုးဘူးဆိုရင် ပြည်သူ့ကျန်းမာရေးဥပဒေ၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေတွေနဲ့ အရေးယူလို့ရပါတယ်။ အများပြည်သူအကျိုးအတွက် လိုအပ်တဲ့စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။ မလိုက်နာတဲ့သူကိုလည်း အရေးယူဖို့လိုအပ်ပါတယ်။ ကာကွယ်ဆေး ထိုးနှံသင့်တဲ့သူတွေကို များများထိုးနှံပေးဖို့ အရေးကြီးပါတယ်။**

နံပါတ် (၃) က အရေးအကြီးဆုံးဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ Mask တပ်တာ၊ လက်ဆေးတာ၊ လူအုပ်စုရှောင်တာ၊ တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာနေတာ၊ လေကောင်းလေသန့်ရအောင်နေတာ၊ ချောင်းဆိုးနှာချေရင် အုပ်ဆိုးတာ ဒါတွေကအရေးကြီးပါတယ်။ အခု ကမ္ဘာကြီးမှာ ဗီဇပြောင်းပိုးတွေက သူ့ထက်သူ လူစွမ်းကောင်းတွေ ထွက်ပေါ်နေပါတယ်။ ကာကွယ်ဆေးထိုးနှံသူ များလာလေလေ ဗီဇပြောင်းပိုးတွေဖြစ်ပေါ်မှုအန္တရာယ် နည်းလေလေဖြစ်ပါတယ်။

ဒါကြောင့် ကာကွယ်ဆေးထိုးဖို့လိုသလိုတစ်ဖက်ကလည်း ပြည်သူ့ကျန်းမာရေး စည်းကမ်းတွေ၊ ကိုဗစ် – ၁၉ စည်းကမ်းတွေကို တိတိကျကျလိုက်နာဖို့ တိုက်တွန်းလိုပါတယ်။ ဒါဆိုရင် လက်ရှိတတိယလှိုင်းကို အမြန်ဆုံးထိန်းချုပ်နိုင်ပြီး နောက်ထပ်ဖြစ်ပွားမှုမရှိအောင် ကာကွယ်နိုင်မယ်လို့ ပြောလိုပါတယ်။ မြန်မာပြည်သူပြည်သားတွေနဲ့ ကမ္ဘာသူကမ္ဘာသားတွေ ကိုဗစ် – ၁၉ အန္တရာယ်ကနေကင်းဝေးဖို့အတွက် ဆုတောင်းပါတယ်။ **ကျေးဇူးတင်ပါတယ်။** ။

■

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၂၂၄ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း ဩဂုတ် ၃၀**
ဗီယက်နမ်နိုင်ငံ၌ ယနေ့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၂၂၄ ဦးအား ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူပေါင်း ၄၄၉၄၈၉ ဦးရှိလာကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူများအနက် ပြည်တွင်း၌ ကူးစက်ခံရသူ ၁၄၂၁၉ ဦးရှိပြီး ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ငါးဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနကပြောကြားသည်။ ထို့ပြင်ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၁၀၆၄ ဦး ရှိလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်မှုများအား နိုင်ငံ၏တောင်ပိုင်းဒေသများ၌ တွေ့ရှိခဲ့ရာ၌ ဘန်ဒေါင်းပြည်နယ်တွင် ၆၀၅၀၊ မြို့တော်ဟိုချီမင်း၌ ၅၈၈၉ ဦးနှင့် လောင်အန်းပြည်နယ်၌ ၅၂၄ ဦးတို့ကို အသီးသီးတွေ့ရှိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၂၈၈၁၆ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၉ ဒသမ ၇ သန်းကျော်အား ထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၉၀၉ ဦးရှိ

**နယူးဒေလီ ဩဂုတ် ၃၀**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၉၀၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၂၇၃၇၉၃၉ ဦးရှိလာကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၀ ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၃၈၂၁၀ ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်မှ ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာစုစုပေါင်း ၃၇၆၃၂၄ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှဆင်းခွင့်ရရှိသူ ၃၄၇၆၃ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၁၉၂၃၄၀၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇ ဒသမ ၇၄ သန်းကျော်ရှိလာ



**အဒစ်အဘာဘာ ဩဂုတ် ၃၀**
အာဖရိကတိုက်၌ ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၇၄၁၉၁၇ ဦးရှိကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေး အေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူစုစုပေါင်း ၁၉၄၈၂၃ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၈၇၈၄၄၉ ဦး ရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

**ကူးစက်မှုအနည်းဆုံးဖြစ်**

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံး ဒေသဖြစ်ကြောင်း၊ အာဖရိကမြောက်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယအများဆုံးဒေသများဖြစ်ကြောင်းနှင့် ဗဟိုအာဖရိကဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

■

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း လေးသန်းကျော်ရှိလာ

**ဂျကာတာ ဩဂုတ် ၃၀**
အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၃၆ ဦးရှိသဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၀၇၉၃၆၇ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၆၈ ဦးထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၃၂၄၉၁ ဦးရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အလားတူ အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၉၃၉၈ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၇၄၃၇၁၆ ဦးရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်သည့်နိုင်ငံအသီးသီးမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၂၁၇ သန်းကျော်လက်ခံရရှိပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၂၀၈ သန်းခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၆၂ ဒသမ ၂၉ သန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၃၅ ဒသမ ၃၁ သန်းရှိကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Novavax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသုံးပြုခဲ့ကြောင်း သိရသည်။



**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# အာဖဂန်နစ္စတန်နိုင်ငံမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအစီအစဉ်ပြီးဆုံးကြောင်း ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ကြေညာချက်ထုတ်ပြန်



**လန်ဒန် ဩဂုတ် ၃၀**
ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် အာဖဂန်နစ္စတန်နိုင်ငံမှ ဗြိတိန်နိုင်ငံသားများနှင့် ဒေသခံမဟာမိတ်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေးဆောင်ရွက်လျက်ရှိသည့် ဗြိတိန်နိုင်ငံ၏ အစီအစဉ်သည် ပြီးဆုံးခဲ့ပြီဟု ကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ရှိနေသည့် ဗြိတိန် တပ်ဖွဲ့ဝင်များ၊ သံတမန်များနှင့် ဗြိတိန်နိုင်ငံသား များအားလုံးသည် အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာ သွားပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဘောရစ် ဂျွန်ဆင်က ယမန်နေ့တွင် တွစ်တာစာမျက်နှာ၌ ဗီဒီယိုဖိုင်တစ်ခုဖြင့် ဖော်ပြခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအစီအစဉ်တွင် ပါဝင်ဆောင်ရွက် ပေးခဲ့သူများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဗြိတိန် နိုင်ငံအနေဖြင့် သီတင်းပတ်နှစ်ပတ်အတွင်း လူပေါင်း ၁၅၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ပေးနိုင်ခဲ့ကြောင်းလည်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် က ထုတ်ဖော်ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးများကို လေးစားရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံအား ကမ္ဘာ လုံးဆိုင်ရာ အကြမ်းဖက်ဝါဒ ပေါက်ဖွားရာဒေသ တစ်ခုဖြစ်လာခြင်းမှ ကာကွယ်ပေးရန်လည်း တာလီ ဘန်များအား ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က တိုက်တွန်းခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၃၃၂ ဦးရှိ

**အန်ကာရာ ဩဂုတ် ၃၀**
တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၃၃၂ ဦး ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၆၃၄၆၈၈၀ ဦး ရှိလာ ကြောင်း တူရကီနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၅၅ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံး သူစုစုပေါင်း ၅၆၂၁၃ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့ သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၁၃၉၆ ဦး ရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင် ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူ စုစုပေါင်း ၄၇ ဒသမ ၇၉ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူစုစုပေါင်း ၃၆ ဒသမ ၆၃ သန်းကျော် ရှိကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၉၃ သန်းကျော်အသုံးပြုပြီး ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ထိုင်းနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၉၇၂ ဦးတွေ့ရှိ

**ဗန်ကောက် ဩဂုတ် ၃၀**
ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ သစ် ၁၅၉၇၂ ဦး ထပ်မံတွေ့ရှိပြီး ထိုရောဂါဖြင့် ၂၅၆ ဦး ထပ်မံ သေဆုံးခဲ့ကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ အခြေအနေ စီမံခန့်ခွဲရေးစင်တာက ယနေ့ ပြောကြားသည်။



တစ်ရက်အတွင်း စစ်ဆေးတွေ့ ရှိသည့် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ လူနာအားလုံးအနက် ၂၈၀ မှာ နိုင်ငံအတွင်း အကျဉ်းထောင်များမှ အကျဉ်းသားများ ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ထိုင်းနိုင်ငံတစ်ဝန်းရှိ အကျဉ်း ထောင်များမှ အကျဉ်းသား ၄၀၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ယမန်နှစ် အစောပိုင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စတင်ဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၉၀၀၆၃ ဦး ရှိလာပြီး ထိုရောဂါ ဖြင့် လူနာ ၁၁၃၉၉ ဦး သေဆုံးခဲ့ ကြောင်း သိရသည်။

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ စတင် ဆောင်ရွက်လာပြီး ဩဂုတ် ၂၉ ရက်အထိ လူဦးရေ၏ ၁၀ ဒသမ ၄ ရာခိုင်နှုန်း ခန့်ကို ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ထို့အပြင် ထိုင်းအစိုးရသည် မြို့တော်ဗန်ကောက်နှင့် နိုင်ငံ အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားသော ဒေသများ အကြား စက်တင်ဘာ ၁ ရက်မှ စ၍ ပြည်တွင်းလေကြောင်းလိုင်း များ ပြန်လည်ပြေးဆွဲတော့မည် ဖြစ်ကြောင်း ထိုင်းလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြား သည်။

သို့သော် ခရီးသည်များ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသည့် အထောက်အထားနှင့် ကိုဗစ်-၁၉ ရောဂါ ပိုးရှိ၊ မရှိစစ်ဆေးသည့် ဆေးရလဒ်ကဲ့သို့သော သက်သေ အထောက်အထားများကို ပြသ နိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျော်တီ**

# ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးဆိုင်ရာ လေကြောင်းပျံသန်းမှု ကန့်သတ်ချက်များကြောင့် နီပေါလေကြောင်းလိုင်းအရှုံးပေါ်

**ခတ္တမန္ဒူ ဩဂုတ် ၃၀**
နီပေါနိုင်ငံ၏ လေကြောင်းခရီးသွားလာရေးလုပ်ငန်းများမှာ ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်မှုများကြောင့် နီပေါရူပီး ၃၇ ဘီလီယံ (ကန်ဒေါ်လာ ၃၁၃သန်း)ခန့် အရှုံးပေါ် ခဲ့ကြောင်း နီပေါနိုင်ငံ လေကြောင်းပျံသန်းမှုအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့ နှစ်ပတ်လည် အစီရင်ခံစာ၌ ဖော်ပြသည်။

ယခုဘဏ္ဍာနှစ်တွင် လေကြောင်းခရီးသွားလာရေးကဏ္ဍ၌ နီပေါရူပီး ၁၂ ဘီလီယံ( ကန်ဒေါ်လာ ၁၀၂သန်း) အရှုံးပေါ်ခဲ့ ကြောင်း နီပေါနိုင်ငံလေကြောင်းပျံသန်းမှုအုပ်ချုပ်ရေးအာဏာ ပိုင်အဖွဲ့ကပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ပထမလှိုင်းနှင့်ဒုတိယလှိုင်းများ ဖြစ်ပွားချိန်ဖြစ်သော ယမန်နှစ် အစောပိုင်းမှ ယခုနှစ်ဧပြီလအတွင်း လေကြောင်းပျံသန်းမှုဆိုင်ရာ ကန့်သတ်ချက်များချမှတ်ခဲ့သဖြင့် နိုင်ငံအတွင်းရှိလေကြောင်း လိုင်းများအနေဖြင့်နီပေါရူပီး ၂၅ဘီလီယံ( ကန်ဒေါ်လာ ၂၁၂သန်း)အရှုံးပေါ်ခဲ့ကြောင်း သိရသည်။ ယမန်နှစ် စက်တင်ဘာ ၁ ရက်မှ စတင်၍ နိုင်ငံအတွင်း ပြည်တွင်းနှင့်နိုင်ငံတကာ လေကြောင်းလိုင်းများ ပြေးဆွဲမှု ပြန်လည်စတင်ခဲ့သော်လည်း ယခုနှစ်ဧပြီလ အစပိုင်းမှစတင်၍ ပြည်တွင်းနှင့် နိုင်ငံတကာ လေကြောင်းလိုင်းများ ပြေးဆွဲမှုပြန်လည် ရပ်နားခဲ့သည်။

နိုင်ငံအတွင်း ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းလိုင်း များ ပြေးဆွဲမှုရပ်နားခဲ့ခြင်းအားဖြင့် နီပေါနိုင်ငံ လေကြောင်း အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့နှင့် နိုင်ငံအတွင်းရှိလေကြောင်း လိုင်းများအပေါ်၌ ဆုံးရှုံးမှုများ ကြီးမားစွာရှိခဲ့ကြောင်း နီပေါနိုင်ငံ လေကြောင်းအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့မှ တာဝန် ရှိသူတစ်ဦးဖြစ်သည့် ရက်ပ်ကူးမားချက်ထရီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၃၂၅ ဦးရှိ

**မော်စကို ဩဂုတ် ၂၀**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၃၂၅ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၉၀၁၁၅၂ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၂ ဦး ထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၈၂၄၂၉ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၄၁၈၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၁၆၂၄၃၀ ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၂၄ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် မော်စကိုမြို့၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်းသည် ၁၅၆၆၃၇၆ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ မီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ လက်ရှိတွင် ရုရှားနိုင်ငံသားစုစုပေါင်း ၃၆ ဒသမ ၂ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# သီရိလင်္ကာနိုင်ငံ၌ ကျန်းမာရေးဆိုင်ရာ ကြိုတင်သတိပေးချက်ထုတ်ပြန်

**ကိုလံဘို ဩဂုတ် ၂၀**

ကမ္ဘာတစ်ဝန်း၌ တောင်အာဖရိကတွင် စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်းကြောင့် နိုင်ငံအတွင်း အဆိုပါဗိုင်းရပ်စ်ကူးစက်မှုများကို ဟန့်တားထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သီရိလင်္ကာကျန်းမာရေးတာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်သည် မျိုးပွားမှုနှုန်းလျင်မြန်ကြောင်း ဆရီဂျာရီဝါဒီနီပူရာ တက္ကသိုလ် မော်လီကျူးဆေးပညာဌာနမှ ပါမောက္ခ ချန်ဒီမာဂျီဝန်ဒရာက ပြောကြားသည်။ တောင်အာဖရိက၌ စတင်တွေ့ရှိခဲ့သည့် အဆိုပါ C.1.2 ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကို ဗြိတိန်၊ နယူးဇီလန်နှင့် ဆွစ်ဇာလန်နိုင်ငံများ၌လည်း တွေ့ရှိရသည်။ အဆိုပါ C.1.2 ဗီဇပြောင်းဗိုင်းရပ်စ်နှင့် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်တို့အကြား မည်သည့်ဗီဇပြောင်းဗိုင်းရပ်စ်သည် အန္တရာယ်များသော ဗီဇပြောင်းဗိုင်းရပ်စ်ဖြစ်သည်ကို သီရိလင်္ကာကျန်းမာရေးဆိုင်ရာ ပညာရှင်များက လက်ရှိအချိန်၌ လေ့လာလျက်ရှိသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာပြီး ပြီးခဲ့သော သီတင်းပတ်များအတွင်းက ၆၀၀၀၀၀ ခန့် အဆိုပါဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၆၁၆၉ ဦးရှိသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အစ္စရေးနိုင်ငံ၌ လူဦးရေ နှစ်သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံပေးပြီးဖြစ်

**ဂျေရုဆလင် ဩဂုတ် ၂၀**

အစ္စရေးနိုင်ငံ၌ လူဦးရေ နှစ်သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း အစ္စရေးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ် ထိုးနှံပေးမှုအစီအစဉ်ကို ဩဂုတ် ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပြီးသူစုစုပေါင်း ၂၀၁၃၀၈၀ ရှိကြောင်း သိရသည်။

အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူ ၅ ဒသမ ၉၆ သန်း နီးပါးရှိကြောင်း၊ ယင်းအရေအတွက်သည် အစ္စရေးနိုင်ငံ လူဦးရေစုစုပေါင်း ၆၃ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၅ ဒသမ ၄၇ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**






# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၃၆၆ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဩဂုတ် ၂၀**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၃၆၆ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၉၇၆၂၀၂ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၂၂ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၃၃၃၀ ရှိလာသည်။

လက်ရှိအချိန်၌ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၄၈၅၉၄ ဦးရှိလာပြီး အစိုးရအနေဖြင့် လက်ရှိအချိန်၌ နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်းကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လူဦးရေ သန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၁၇ သန်းမှာ ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးမှုခံယူပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၁၇၃၈၂၂၈၆ | ဦး |
| သေဆုံးသူ | ၄၅၁၈၃၅၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၉၄၃၀၈၉၀၀ | ဦး |

# အကြမ်းဖက်သူ အမျိုးသား လေးဦးက သေနတ်ဖြင့် ခြိမ်းခြောက်၍ ကမ္ဘာ့ရတနာဘဏ်မှ ငွေကျပ်သိန်း ၁၀၀၀ ခန့် လုယက်ယူဆောင်

**နေပြည်တော် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ အကြမ်းဖက်သူ အမျိုးသား လေးဦး(စိစစ်ဆဲ) က သေနတ်ဖြင့် ခြိမ်းခြောက်၍ ကမ္ဘာ့ရတနာဘဏ်မှ ငွေကျပ် သိန်း ၁၀၀၀ ခန့် လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် သမိုင်းမြို့ဟောင်း(၈)လမ်းရှိ ကမ္ဘာ့ရတနာဘဏ်သို့ Mark II ယာဉ် (စိစစ်ဆဲ)ဖြင့် ရောက်ရှိလာသော အကြမ်းဖက်သူ အမျိုးသားလေးဦး(စိစစ်ဆဲ)က ပစ္စတိုသေနတ်ဟု ယူဆရသော သေနတ်အတိုကိုယ်စီကိုင်ဆောင်၍ ဘဏ်အတွင်းသို့ ဝင်ရောက်လာကာ ဘဏ်ဝန်ထမ်းများအား သေနတ်ဖြင့် ခြိမ်းခြောက်၍ ကောင်တာစားပွဲပေါ်နှင့် ကြမ်းပြင်ပေါ်တွင် စီထားသော ငွေကျပ် သိန်း ၁၀၀၀ ခန့်အား လုယက်ယူဆောင်ပြီး Mark II ယာဉ်ဖြင့် သမိုင်းဘူတာရုံလမ်းအတိုင်း လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အထက်ပါ အကြမ်းဖက်လုယက်မှုဖြစ်စဉ်မှ သေနတ်ဖြင့် ခြိမ်းခြောက်ကာ ငွေများလုယက်ယူဆောင်သွားသူများအား အမြန်ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၆ နာရီခွဲတွင် နောင်ချိုမြို့နယ် လားရှိုး-မန္တလေးသွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သတင်းအရ သီပေါမှမန္တလေးသို့ စိုင်းဘိုးစာ(၃၁) နှစ် မောင်းနှင်ပြီး အောင်မိုး(၂၈)နှစ် လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ နောက်မှလိုက်ပါလာသည့် မျိုးချစ်(၅၀)နှစ်မောင်းနှင်ပြီး ထွန်းနိုင်(၃၁) နှစ် လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ သိန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) တစ်ကီလို၊ ဘိန်းစိမ်း ၁၂၄ ဒသမ ၈ ကီလိုတို့ကို ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းရမိ မူးယစ်ဆေးဝါး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄ ဒသမ ၅ ဘီလီယံကျော်ဖြစ်ပြီး ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်တွင် ဟိန်းလွင်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၅ နာရီတွင် တောင်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် အမှတ်(ည/၆၇)ရှိ စိုးသူ၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ငွေကျပ်သိန်း ၂၅၂၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၆ ကီလို၊ Fielder အမျိုးအစားမော်တော်ယာဉ်တစ်စီးနှင့်မော်တော်ဆိုင်ကယ် နှစ်စီးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် တာပုံကျေးရွာအုပ်စု နားဖကျေးရွာအနီးတွင် လာတူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



စိုးသူအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့ပြင် ဩဂုတ် ၂၈ ရက် ညပိုင်းတွင် မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြိတ်တောင်(အလယ်ပိုင်း)ကျေးရွာ အရှေ့သိမ်လမ်းတွင် တင်လင်းဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀ ကိုလည်းကောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ကျော်ဇင်လတ်(ခ)ခိုင်ငယ်နှင့် ပြည့်ဖြိုးအောင်(ခ)ကိုဦးကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ယင်းနေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် အုန်းချောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် နားဋ္ဌောင်းကျကျေးရွာအနီး ပြင်ဦးလွင်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် (၁၃/၃) အနီးတွင် မော်တော်ယာဉ်တစ်စီး ရပ်တန့်ထားသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် အောင်ဇော်နှင့် မျိုးမင်းဦးတို့ နှစ်ဦးကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၈-၂၀၂၁ အင်္ဂါနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ရတနသုတ်၊ မောရွှံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၈) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာဘာသာရပ်' |
| ၁၆:၃၅ | ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ |
| ၁၇:၀၅ | ဒေသတစ်ခုထုတ်ကုန်တစ်မျိုး |
| ၁၇:၅၅ | ပတ်ဝန်းကျင်ထိခိုက်ဆေးလိပ်တရှိုက် |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၂၅ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၅၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ရောင်စုံတေးဥယျာဉ် |
| ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၃၀) |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Parami Taw (Hnin Hnin Htoo) |
| 07:34 | Karunar Kabar Home for the Aged (Nay Pyi Taw) |
| 07:53 | Will you feed the pigeons? |
| 08:01 | A Historic Town: 9 Pagodas |
| 08:14 | Village Belle |
| 08:47 | Chef Life "Oliver E Soe Thet" |
| 09:01 | Chanmyay Yeiktha Meditation Centre- Chaw Dwin Gone |
| 09:17 | Inlay Traditional Lotus Fabric |
| 09:30 | Dances of Myanmar "Gaybar Kayin Traditional Dance" |
| 09:34 | Gardener of Royal Thazin Floral |
| 09:54 | Myanmar Bamboo Xylophone (or) Pattala |
| 10:28 | Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course |
| 10:48 | Kayin Child Boxer |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
တောင်ပေါ်ဒေသမှအော်ဂဲနစ်စိုက်ခင်း

**ပကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့ထိန်းသိမ်းထားသော ရိုးရာတူရိယာများ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ခံတွင်းမြိန်စေမယ့်ဒေါ်လေးရဲ့လက်ရာ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သင်မယ်ရေးမယ်တို့ချင်းစာ(အပိုင်း-၁၈)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပျားမွေးမြူခြင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မုဒုံသို့အလည်တစ်ခေါက်(ဘင်လှိုင်ရွှေစေတီ)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
စော်ဘွားကြီးစဝ်ရွှေသိုက်နှင့် ညောင်ရွှေဟော်နန်းသမိုင်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဖိုင်ဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄) |
| ၁၁:၀၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'အငှါ' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၄) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**(ယမန်နေ့မှအဆက်)**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်၌ ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး စိစစ်တွေ့ရှိချက်များ၊ ဥပဒေနှင့်အညီ ဆောင်ရွက်ထားမှုများကို ဆက်လက်ပြောကြားသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၁) နှင့်အညီ ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းများကို အသေးစိတ်စိစစ်ခဲ့ကြောင်း၊ မြို့နယ်အသီးသီးတွင်ရှိသည့် မဲရုံပေါင်း ၃၉၉၆၃ ရုံ၌ မဲပေးခဲ့သည့်အခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ ဖွင့်ဖောက်စစ်ဆေးခြင်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေများ၏ ရွေးကောက်ပွဲဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ ထုတ်ပြန်ထားရှိသည့်အခြေအနေကို ဦးစွာတင်ပြမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအလိုက် ကိုယ်စားလှယ်လောင်း ၅၆၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မဲဆန္ဒရှင်ပေါင်း ၃၈၂၇၁၄၄၇ ဦးအနက် ၂၇၅၁၂၈၅၅ ဦး မဲပေးခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၇၁ ဒသမ ၈၉ ရာခိုင်နှုန်း ဆန္ဒမဲပေးခဲ့ကြောင်းကို ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပါဝင်ယှဉ်ပြိုင်/ ဆန္ဒမဲပေးမှုအခြေအနေများကို Power Point ဖြင့်တင်ပြထားပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတို့၏ မဲဆန္ဒရှင်စာရင်းများကို စိစစ်တွေ့ရှိချက်စာရင်းချုပ်အရ စိစစ်ခဲ့သည့်မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၊ မဲရုံပေါင်း ၃၉၉၆၃ ရုံ၏ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းသည် ၃၈၂၇၁၄၄၇ **(သုံးဆယ့်ရှစ်သန်း နှစ်သိန်း ခုနစ်သောင်း တစ်ထောင် လေးရာလေးဆယ့်ခုနစ်)** ဦးဖြစ်ကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၁၇၇၅၃၃၀ **(သုံးဆယ့်တစ်သန်း ခုနစ်သိန်း ခုနစ်သောင်း ငါးထောင် သုံးရာ့ သုံးဆယ်)** ဦး ဖြစ်ပြီး ကွာခြားချက်အနေဖြင့် ၆၄၉၆၁၁၇ **(ခြောက်သန်း လေးသိန်း ကိုးသောင်း ခြောက်ထောင် တစ်ရာ တစ်ဆယ့်ခုနစ်)** ဦး ဖြစ်ကြောင်း။

မဲဆန္ဒရှင်စာရင်းများမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရလက်မှတ်မရှိသူ ၄၈၆၉၄၂၇ **(လေးသန်း ရှစ်သိန်း ခြောက်သောင်းကိုးထောင် လေးရာ နှစ်ဆယ့်ခုနစ်)** ဦး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းနှင့် မဲစာရင်းတွင် သုံးကြိမ်နှင့်အထက် ပါဝင်နေသူ ၂၉၅၄၀၅ **(နှစ်သိန်း ကိုးသောင်း ငါးထောင် လေးရာ့ငါး)** ဦး၊ နှစ်ကြိမ်ပါဝင်နေသူ ၃၅၉၆၂၀၆ **(သုံးသန်း ငါးသိန်း ကိုးသောင်း ခြောက်ထောင် နှစ်ရာ့ခြောက်)** ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးသည့် (Cross Check) အရ မဲစာရင်းထပ်နေသူ ၁၀၈၁၇၇၆ **(တစ်သန်း ကိုးသောင်း တစ်ထောင် ခုနစ်ရာ ခုနစ်ဆယ့်ခြောက်)** ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်စစ်ဆေးသည့် (Cross Check) အရ မဲစာရင်းထပ်နေသူ ၁၄၁၇၅၉၈ **(တစ်သန်း လေးသိန်း တစ်သောင်း ခုနစ်ထောင် ငါးရာကိုးဆယ့်ရှစ်)** ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင်ပါဝင်နေသူ ၂၀၅၆၆ **(နှစ်သောင်း ငါးရာ ခြောက်ဆယ့်ခြောက်)** ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၁၄၄၁၂ **(တစ်သောင်း လေးထောင် လေးရာ တစ်ဆယ့်နှစ်)** ဦးဖြစ်ကြောင်း တွေ့ရှိခဲ့သည့်အတွက် မဲမသမာမှု ဖြစ်နိုင်သည့် မဲဆန္ဒရှင်စုစုပေါင်း ၁၁၃၀၅၃၉၀ **(တစ်ဆယ့် တစ်သန်း သုံးသိန်း ငါးထောင် သုံးရာ့ ကိုးဆယ်)** ဦး ရှိ၍ မဲဆန္ဒရှင်ပေါင်း ၂၉ ဒသမ ၅၄ ရာခိုင်နှုန်းဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များအား မဲစာရင်းလက်တွေ့စစ်ဆေးချက်များကို ရှင်းလင်းပြသစဉ်။

**မဲစာရင်းထပ်နေသူများ**

ယခုတင်ပြခဲ့သည့် မဲမသမာမှု ဖြစ်နိုင်သည့် မဲဆန္ဒရှင် ၁၁၃၀၅၃၉၀ နှင့်စပ်လျဉ်းသည့် မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စာရင်းအသေးစိတ်အားလုံးကို ယခုခင်းကျင်းပြသထားကြောင်း၊ Hard Copy များကိုလည်းကောင်း၊ Soft Copy များကို ကွန်ပျူတာဖြင့်လည်းကောင်း လက်တွေ့စစ်ဆေးကြည့်ရှုနိုင်သည်ဟု တင်ပြအပ်ပါကြောင်း၊ အလားတူ ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ၌ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့်မဲစာရင်းပုံစံ (၁) မှာ တင်ပြပါမဲစာရင်းထပ်နေသူများက ထပ်မံမဲပေးသည့်အခြေအနေကိုလည်း လက်တွေ့ကြည့်ရှုနိုင်ရန် ပြသထားသည်ဟု အသိပေးအပ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်မဲလက်မှတ်များကို စစ်ဆေးတွေ့ရှိချက်အရ စုစုပေါင်း ထုတ်ယူရရှိခဲ့သည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၃၀၀၄၃၈၂ **(လေးဆယ့်သုံးသန်း လေးထောင်သုံးရာ ရှစ်ဆယ့်နှစ်)** ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သည့် လက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၀၉၈၀၅၈ **(နှစ်ဆယ့်ခုနစ်သန်း ကိုးသောင်း ရှစ်ထောင် ငါးဆယ့်ရှစ်)** ဖြစ်သည့်အတွက် ကျန်ရမည့်အရေအတွက် ၁၅၉၀၆၃၂၄ **(တစ်ဆယ့်ငါးသန်း ကိုးသိန်း ခြောက်ထောင် သုံးရာ နှစ်ဆယ့်လေး)** ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၄၉၂၀၇၈၃ **(တစ်ဆယ့်လေးသန်း ကိုးသိန်း နှစ်သောင်းခုနစ်ရာ ရှစ်ဆယ့်သုံး)** ဖြစ်နေမှုကို စိစစ်တွေ့ရှိရကြောင်း၊ ကွာခြားချက်အနေဖြင့် ကျန်ရမည့်အရေအတွက်ထက် လျော့နည်းသည့် မဲလက်မှတ်အရေအတွက် ၁၄၂၄၃၉၁ **(တစ်သန်း လေးသိန်း နှစ်သောင်း လေးထောင် သုံးရာကိုးဆယ့်တစ်)** ဖြစ်ပြီး အပိုတွေ့ရှိရသည့် မဲလက်မှတ်အရေအတွက်မှာ ၄၃၈၈၅၀ **(လေးသိန်း သုံးသောင်း ရှစ်ထောင် ရှစ်ရာ့ငါးဆယ်)** ဖြစ်ကြောင်း၊ တင်ပြပါ လျော့နည်းနှင့် အပိုတွေ့ရှိရသည့် မဲလက်မှတ်များသည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ မဲမသမာမှုဖြစ်ပေါ်စေသည်ကို စိစစ်တွေ့ရှိရကြောင်း။

**ရွေးကောက်ပွဲရလဒ်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးစိစစ်မှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအသီးသီးသို့ မြေပြင်ကွင်းဆင်းစစ်ဆေးမှုအပါအဝင် ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်လုံးအပေါ် လွှမ်းခြုံသုံးသပ်ချက်အရ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲမဟုတ်သည်ကို တွေ့ရသည့်အပြင် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အလွဲသုံးပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းများ၊ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ဥပဒေ၊ နည်းဥပဒေများအား ကျော်လွန်ဖောက်ဖျက်လုပ်ဆောင်ခဲ့ခြင်းများကို စိစစ်တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့၏ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်များ၊ ရွေးကောက်တင်မြှောက်ခဲ့သည့် ရွေးကောက်ပွဲရလဒ်များကို ဥပဒေနှင့်အညီ ပယ်ဖျက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ရကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များ ပယ်ဖျက်ကြောင်း ကြေညာချက်ထုတ်ပြန်ကြေညာခြင်းနှင့် စပ်လျဉ်းပြီး တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့်အညီ မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၁ နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ တို့နှင့်အညီ ဆက်လက်လုပ်ဆောင်နိုင်ရန် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲလက်မှတ်များကို မြို့နယ်အလိုက် အသေးစိတ်စိစစ်ခြင်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များအရ မဲမသမာမှုဖြစ်နိုင်သော မှားယွင်းသည့် မဲဆန္ဒရှင်အရေအတွက် စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ ဖြစ်ပြီး ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကျန်ရမည့်အရေအတွက်ထက် လျော့နည်းသည့် မဲလက်မှတ်အရေအတွက် ၁၄၂၄၃၉၁ **(တစ်သန်း လေးသိန်း နှစ်သောင်း လေးထောင် သုံးရာကိုးဆယ့်တစ်)**နှင့် အပိုတွေ့ရသည့် မဲလက်မှတ်အရေအတွက် ၄၃၈၈၅၀ **(လေးသိန်း သုံးသောင်း ရှစ်ထောင် ရှစ်ရာ့ငါးဆယ်)** ဖြစ်ကြောင်းတွေ့ရှိရပြီး ၎င်းမဲလက်မှတ်များသည် မဲမသမာမှုများကိုဖြစ်ပွားစေသည်ဟု စိစစ်တွေ့ရှိရကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆန္ဒမဲပေးမှုအခြေအနေများကို စိစစ်ရာတွင်လည်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့် အောက်ပါအချက်များကို တွေ့ရှိရကြောင်း-

(က) ယခင်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် NLD ပါတီခေါင်းဆောင်များဖြစ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များက ခန့်အပ်လိုသူများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်ကို တွေ့ရှိရကြောင်း။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာတွင် ယင်းအဖွဲ့ကြောင့် လူဦးရေစာရင်းများ ပိုမိုထပ်ပြီး မဲဆန္ဒရှင်စာရင်းများ နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ပါဝင်မှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း။

( ဂ ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များကို ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များပါဝင်၍ နေအိမ်များသို့ သွားရောက်ပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

(ဃ) ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ယခင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာသည့်အတွက် မဲစာရင်းများထပ်ခြင်း၊ **စာမျက်နှာ ၁၇ သို့** ☆

☆ စာမျက်နှာ ၁၆ မှ

နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင် ထည့်သွင်းပြီး မဲပေးခဲ့ခြင်းများ ဖြစ်ပေါ်စေခဲ့ကြောင်း။

( င ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါ နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သည့် မဲဆန္ဒရှင်သက်သေခံလက်မှတ် (Voter Slip) များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို မဲပေးခွင့်ပြုခဲ့ခြင်းကို တွေ့ရှိရကြောင်း။

(စ) ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုရန် ဆန္ဒမဲလက်မှတ်များ မှာယူရိုက်နှိပ်ရာတွင် အမှန်လိုအပ်သည့်ပမာဏထက် ပိုမိုသည့် မဲလက်မှတ်စောင်ရေ ၁၃၉၃၃၁၂၀ ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရပြီး ထိုသို့ရိုက်နှိပ်ရာတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ ၇-၁၁-၂၀၂၀ ရက်နေ့ အပါအဝင် ထပ်မံရိုက်နှိပ်မှု ခုနစ်ကြိမ်ဆောင်ရွက်ခဲ့ခြင်းကို တွေ့ရှိရကြောင်း။

(ဆ) ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ ဥပဒေနှင့်အညီ UEC တံဆိပ်ပါ ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများ သုံးရမည်ဖြစ်သော်လည်း အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များနှင့် အမှန်ခြစ်၍ ဆန္ဒပြုထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းညွှန်ကြားချက်သည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု၊ မှန်ကန်မှုမရှိသည်ကို တွေ့ရကြောင်း။

( ဇ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ NLD ပါတီအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုပြီး ဝင်ရောက်စွက်ဖက် မလျော်သြဇာသုံး၍ မသမာမှုများ ဆောင်ရွက်ခဲ့ခြင်းကို တွေ့ရှိရကြောင်း။

( ဈ ) NLD ပါတီမဟုတ်သည့် တခြားနိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်၊ တားမြစ်ချက်များကို အလွဲသုံးခြင်းဖြင့် ကန့်သတ်ထိန်းချုပ်ပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကို တွေ့ရကြောင်း။

(ည) ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင် အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

**စစ်ဆေးတွေ့ရှိချက်**

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကြေညာချက်အမှတ် (၂/၂၀၂၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ပယ်ဖျက်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်သည့်နေရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ မြို့နယ်တစ်ခုချင်းအလိုက် စစ်ဆေးစိစစ်ထုတ်ပြန်ခြင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုချင်းစီအလိုက် စစ်ဆေးတွေ့ရှိချက်ထုတ်ပြန်ခြင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ရွေးကောက်ပွဲဖြစ်စဉ်အပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ခြင်းများကို ကိန်းဂဏန်းအချက်အလက်များ၊ စစ်ဆေးတွေ့ရှိချက်များ၊ ခိုင်လုံသည့်သက်သေအထောက်အထားများဖြင့် အကြိမ်ကြိမ်၊ အလီလီ စနစ်တကျ အတည်ပြုထုတ်ပြန်ဆောင်ရွက်ပြီးမှ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း။



ပြည်တွင်းသတင်းထောက်များ သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို မှတ်တမ်းရယူနေစဉ်။

မိမိအနေဖြင့် အထူးတင်ပြလိုသည်မှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းကာလများတွင် ဖြစ်ပွားခဲ့သည့် မဲစာရင်းဆိုင်ရာ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့မဲပေးခြင်းဆိုင်ရာအပါအဝင် ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှုမရှိသည့်ဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး တပ်မတော်က နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှု၍ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသော်လည်းကောင်း နည်းလမ်းရှာ၍ ဖြေရှင်းပေးရန် သဘောထားထုတ်ပြန်ခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်မှုမရှိခဲ့ခြင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအပါအဝင် နိုင်ငံရေးပါတီ ၁၉ ပါတီမှ ဥက္ကဋ္ဌ / ဒုတိယဥက္ကဋ္ဌများက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား ကျော်လွန်လုပ်ဆောင်ပြီး ဥပဒေကပေးအပ်ထားသော တာဝန်များပျက်ကွက်နေသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အရေးယူပေးရန် နိုင်ငံတော်သမ္မတထံ အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့သော်လည်း အရေးယူဆောင်ရွက်ခဲ့မှုမရှိခြင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးအပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံတစ်ပုံကျော်ဖြစ်သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး ခေါ်ယူကျင်းပပေးရန် တောင်းဆိုလွှာတင်သွင်းခြင်းကိုလည်း ကျင်းပရန်မလိုအပ်ကြောင်း ပြန်ကြားငြင်းပယ်ခဲ့ခြင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုအရာများကို ကြည့်မည်ဆိုလျှင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများအပေါ် ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းဆိုသည့် နည်းလမ်းများ ပျောက်ဆုံးခဲ့ရကြောင်း၊ မဲမသမာမှုများကို ဖြေရှင်းရန်မလုပ်ဘဲ မသမာမှုများရှိသည့် ရွေးကောက်ပွဲရလဒ်ဖြင့် လွှတ်တော်အတင်းခေါ်ယူရန် ကြိုးစားလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယခု ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မှုအကြောင်းအရာများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ လုပ်ငန်းစဉ်(၁)ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်ရာတွင် စစ်ဆေးတွေ့ရှိချက်များအရ တာဝန်ရှိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဖြစ်စဉ်များအပါအဝင် စိစစ်တွေ့ရှိချက်များကိုအခြေခံပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဆိုင်ရာ၊ ရွေးကောက်ပွဲစနစ်အပါအဝင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများဆိုင်ရာ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများဆိုင်ရာများကို အသေးစိတ်လေ့လာဆန်းစစ်ပြီး မိမိနိုင်ငံတော်နှင့် နိုင်ငံသားများကို အကျိုးဖြစ်ထွန်းရန် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း။

**အချိုးကျကိုယ်စားပြုစနစ်**

မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့် အချိုးကျကိုယ်စားပြုစနစ် PR စနစ်ကျင့်သုံးနိုင်ရေးကိုလည်း နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ လုပ်ငန်းစဉ် (၁) ကို ဥပဒေနှင့်အညီ လုပ်ဆောင်ရာတွင် ဆက်လက်ဆောင်ရွက်ရန် ကျန်လုပ်ငန်းအချို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လုပ်ငန်းစဉ် (၅) ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က တက်ရောက်လာကြသည့် မြန်မာနိုင်ငံအခြေစိုက်နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များကို ခင်းကျင်းပြသထားသည့် မဲစာရင်းလက်တွေ့စစ်ဆေးချက်များ၊ ဖမ်းမိထားသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ အချက်အလက်များနှင့်ပတ်သက်ပြီး သံတမန်များ သိလိုသည်များကို လိုက်လံရှင်းလင်းဖြေကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ကျောက်မြောင်းမြို့ ရတနာသိမ်တံတားအနီး ရော်ဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်



**ကျောက်မြောင်း ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ ရေရှည်တည်တံ့ပြန့်ပွားစေရေး၊ ဒေသတွင်း ငါးရိက္ခာများ ဖူလုံစွာ စားသုံးနိုင်ရေး၊ သားစဉ်မြေးဆက် ငါးစားသုံးနိုင်စေရေးအတွက် ရော်ဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျောက်မြောင်းမြို့ ရတနာသိမ်တံတားအနီး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရွှေဘိုငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ လေးသိန်း၊ ငါးခုံးမကြီးသားပေါက် ကောင်ရေ နှစ်သိန်း၊ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ငါးသောင်း စုစုပေါင်းကောင်ရေ ခြောက်သိန်းငါးသောင်းအား မျိုးစိုက်ထည့်ပေးခဲ့သည်။

ရွှေဘိုငါးလုပ်ငန်း စခန်းအနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် နှစ်လက်မအရွယ် ငါးမျိုးစိုက် လျာထားချက် ၁၀ ဒသမ ၅ သိန်းဖြစ်ပြီး မြစ်ချောင်းများအတွင်း ငါးသားပေါက်ကောင်ရေ ၈ ဒသမ ၅ သိန်းနှင့် ဆည်အတွင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်း မျိုးစိုက်ထည့်မှု ပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ တင်သွင်းခွင့်ပြုပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၀**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် တာချီလိတ် ကုန်သွယ်ရေးစခန်း လေးခုတို့မှ တင်သွင်းရာ၌ကုမ္ပဏီ ၁၈ ခုမှ ယာဉ်စီးရေ ၂၈ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် သုံးစီးဖြင့် ၅၉ တန်၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် လေးတန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၉၀၀၊ အောက်ဆီဂျင်စက် ခြောက်ခု၊ Oxygen Generator တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၃၈၈ ခု၊ Test Kit ၃၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၅၀၀ နှင့် နှာခေါင်းစည်း ၁၃ တန်တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည်(Bowser)ယာဉ် သုံးစီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်စက် ခြောက်ခုမှာ ရန်ကုန်မြို့သို့ ငါးခုနှင့် မော်လမြိုင်မြို့သို့ တစ်ခု ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးထားကြောင်းသိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၀**
အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၀ ရက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကုမ္ပဏီ ၃၅ ခုမှ Jovit-C ၁၅၀၆၄ ခု၊ SOL-U-PRED ၄၀၀၊ Lyrica Cpsule ၃၂၀၀၊ Alelsctone Ttablet ၂၀၀၀၀၊ Dalacin Capsule ၁၆၀၊ Lapid Tablets ၇၀၊ Panstan Tablets ၁၇၀၊ Breath Care ၆၅ ခု၊ Spary Gun ၁၀၀၀၊ Vocin Tablets ၂၀၀၀၊ Asconzin Tablets ၅၈၂၀၊ Wolvit ၂၂၄၀၊ Fanigan Fast-GE ၃၂၀၀၊ Dazit Tablets ၄၉၅၄ ခု၊ Fluguard (Favipiravir) ၁၂၀၀၀၊ Amoxicillin Trihydrate ၂၀၊ Linagkptin ၆၇ ခု၊ Tenoxicam ၁၇ ခု၊ Magaldrate Tablets ၁၁၀၊ Carvedilol ၁၇ ခု၊ Levocetirizine Duhydrochloride ၅၀၊ Floxacin ၃၀၊ Rivaroxaban Tablet ၂၅ ခု၊ Sterile ခုနစ်ခု၊ Efaviren Tablets ခြောက်ခု၊ Fobancort Cream ၃၀၊ Candarcort Cream ၁၅ ခု၊ Organist ၄၉၅၃၊ Repenem Injection ၈၀၂၄ ခု၊ Pharmaceutical Products တစ်ခု၊ So Bio Line ၄၃ ခု၊ Mirtazapine Tablets လေးခု၊ Immune Zin & Ceffervescent ၃၁၅ ခု၊ Vitamin D3 ၂၄၁၅ ခု၊ Vitamin C ၄၇၂၆ ခု၊ Zinc Plcolinate ၁၀၅၀၊ Breathing Theraphy Equipment ၁၀ ခု၊ အပူချိန်တိုင်းကိရိယာ ၁၅၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၆၇ ခု၊ Oxygen Mask ၃၀၀၀၊ Nasal Cannula ၁၇၆၀ ၊ Oximeter ၂၀၀၊ Test Kit ၃၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးမျိုးစုံ ၃၁ မျိုး(၆၇၀၈၂ ဒသမ ၄၆ ကီလိုဂရမ်)၊ နယ်စပ်(ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ၊ တာချီလိတ်)တွင် ကုမ္ပဏီ ၁၈ ခုတို့မှ အိမ်သုံးအောက်ဆီဂျင်ဆလင်ဒါ ၂၀၁၈ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၉၀၊ နှာခေါင်းစည်း ၄၂၀၀ ကီလိုဂရမ် အောက်ဆီဂျင် အရည် ၂၀ ဒသမ ၃၅ တန်၊ Flow Meter ၁၀၂၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၇၈၀၀၊ Oximeter ၄၅၀၊ Sodium Chloride Injection ၅၇၁၅၀ ကီလိုဂရမ် နှာခေါင်းစည်း ၁၇၈၆ ခု၊ Tube Oxygen ၁၀၀၊ အောက်ဆီဂျင်အရည် ၁၅၁၉၆ ကုဗမီတာ၊ အောက်ဆီဂျင်စက် ခုနစ်ခု၊ Liquid Storage Oxygen Tank နှစ်ခုတို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကုတ်မြို့ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်စက် ရောက်ရှိ

**တောင်ကုတ် ဩဂုတ် ၂၀**
ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံသို့ ယမန်နေ့ မွန်းလွဲပိုင်းက အောက်ဆီဂျင်စက်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်မှာ တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ အိုးကြီး အလုံး ၈၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇၀၀၀ ဖြင့် အလှူရှင် ဦးခင်မောင်ဝင်းနှင့် ဇနီး ဒေါ်စိုးမိုးသူ(ရွှေမေတ္တာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုက ဝယ်ယူလှူဒါန်းခြင်းဖြစ်သည်။



အောက်ဆီဂျင်စက် ရောက်ရှိပြောင်းရွှေ့တပ်ဆင်နေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွေးနှင့်အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများက သွားရောက်ကြည့်ရှုအားပေးကြကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကြကြောင်း သိရသည်။

တောင်ကုတ်မြို့ ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး၌ မြို့မိ မြို့ဖများဦးဆောင်ကာ စေတနာရှင်အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၁၅၀ ကျော်ဖြင့် အောက်ဆီဂျင်စက်ရုံ ဆောက်လုပ်လျက်ရှိသည်။ ယခုရောက်ရှိလာသော အောက်ဆီဂျင်စက်အား တပ်ဆင်ထုတ်လုပ်ပြီးစီးပါက တောင်ကုတ်မြို့နယ်အတွက် အောက်ဆီဂျင် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လေးမျက်နှာမြို့နယ် အိုင်သပြုလမ်းဆုံ၌ ညှော်မထဆန်တစ်ပြည် ကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**လေးမျက်နှာ ဩဂုတ် ၂၀**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း စားသောက်ရေးအဆင်ပြေစေရန် ဆန်နှင့် ကြက်ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ယနေ့နံနက် ၇ နာရီမှ ၁၁ နာရီထိ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြို့နယ်ဆန်စပါးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကာ အိုင်သပြုလမ်းဆုံ၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဆက်လက်ရောင်းချပေးသွားမည်**

အဆိုပါရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာရေးအဖွဲ့ဝန်ထမ်းများက အိမ်ထောင်စုတစ်စုလျှင် ဆန် နှစ်ပြည်နှုန်းနှင့် တစ်ပြည်လျှင် ကျပ် ၅၀၀ ဖြင့် လည်းကောင်း၊ ကြက်ဥ ၁၀ လုံး ကျပ် ၁၀၀၀ နှုန်းဖြင့် လည်းကောင်း ရောင်းချပေးလျက်ရှိပြီး အာဟာရပြည့်ဝ၍ ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ဩဂုတ် ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၅၈၃ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၉-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၀-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၄၂,၄၉၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၅၈၃) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၅၇၄,၈၁၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၉၅,၈၈၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၂၇၄)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၄၈,၆၈၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၀၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၂၈၇) ဦးရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၀-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၈၂)ခု | (၈၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉)ခု | (၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၂၃)ခု | (၃၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂)ခု | (၁၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၈)ခု | (၄၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၃၀၄)ခု | (၄၇၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၈,၂၅၈)ခု | (၂,၉၄၂)ဦး |
| **စုစုပေါင်း** | (၄၂,၄၉၇)ခု | (၃,၅၈၃)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၉၆၆၆၁၅၂ | ၃၀၈၂၆၄၇၈ | ၆၅၄၆၉၅ |
| ၂။ | အိန္ဒိယ | ၃၂၃၃၇၉၃၉ | ၃၁၉၂၃၄၀၅ | ၄၃၃၈၃၈၇ |
| ၃။ | ဘရာဇီး | ၂၀၇၄၁၈၀၆ | ၁၉၆၆၃၇၄၈ | ၅၇၉၃၃၀ |
| ၄။ | ရုရှား | ၆၉၀၁၁၅၂ | ၆၁၆၂၄၃၀ | ၁၈၂၄၂၉ |
| ၅။ | ပြင်သစ် | ၆၇၄၂၄၈၈ | ၆၂၂၅၂၉၉ | ၁၁၄၂၁၀ |
| ၆။ | ဗြိတိန် | ၆၇၃၁၄၂၃ | ၅၃၈၃၆၄၉ | ၁၃၂၄၃၇ |
| ၇။ | တူရကီ | ၆၃၄၆၈၈၁ | ၅၈၀၉၇၁၀ | ၅၆၂၁၃ |
| ၈။ | အာဂျင်တီးနား | ၅၁၇၃၅၃၁ | ၄၈၆၂၂၈၄ | ၁၁၁၃၈၃ |
| ၉။ | အီရန် | ၄၉၆၀၇၄၄ | ၄၁၇၅၄၀၅ | ၁၀၇၁၅၁ |
| ၁၀။ | ကိုလံဘီယာ | ၄၉၀၅၂၅၈ | ၇၄၃၆၀၃၂ | ၁၂၄၈၁၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၀၇၉၂၆၇ | ၃၇၄၃၇၁၆ | ၁၃၂၄၉၁ |
| ၂။ | ဖိလစ်ပိုင် | ၁၈၇၆၂၀၂ | ၁၇၉၄၂၇၈ | ၃၃၃၃၀ |
| ၃။ | မလေးရှား | ၁၇၂၅၃၅၇ | ၁၄၄၃၂၆၂ | ၁၆၃၈၂ |
| ၄။ | ထိုင်း | ၁၁၉၀၀၆၃ | ၁၀၀၂၅၂၇ | ၁၁၃၉၉ |
| ၅။ | ဗီယက်နမ် | ၄၄၉၄၈၉ | ၂၂၈၈၁၆ | ၁၁၀၆၄ |
| ၆။ | မြန်မာ | ၃၉၅၈၈၃ | ၃၄၈၆၈၂ | ၁၅၂၈၇ |
| ၇။ | ကမ္ဘောဒီးယား | ၉၂၆၁၆ | ၈၈၄၄၃ | ၁၈၉၂ |
| ၈။ | စင်ကာပူ | ၆၇၄၅၉ | ၆၆၀၉၂ | ၅၅ |
| ၉။ | လာအို | ၁၄၈၁၆ | ၅၀၄၀ | ၁၄ |
| ၁၀။ | ဘရူနိုင်း | ၂၆၄၁ | ၈၃၆ | ၈ |

## ဆီဆိုင်မြို့၌ ဦးစားပေးအုပ်စုတွင်ပါဝင်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိ

**ဆီဆိုင် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ဦးစားပေးအုပ်စုတွင်ပါဝင်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြကန်သာရပ်ကွက်အတွင်းရှိ ဆီဆိုင်မြို့နယ်ခန်းမဆောင်၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ကြ၍ ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် မိဘပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းများပြုလုပ်ပေးပြီး စနစ်တကျထိုးနှံပေးသည်။

ဆီဆိုင်မြို့နယ်အတွင်း ဆေးထိုးအုပ်စုနေရာများအဖြစ် ဆီဆိုင်မြို့နယ်ခန်းမဆောင်၊ ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြကျေးရွာရှိ အုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ဇေတဝန်ကျောင်းတိုက်၊ ဘန်းယဉ်ကျေးရွာအုပ်စု ဘန်းယဉ်ကျေးရွာရှိ ဘုရားကိုးဆူဓမ္မာရုံ စသည့်နေရာများတွင် စက်တင်ဘာ ၄ ရက်အထိ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမြတ်(ဆီဆိုင်)





## ပဲခူးမြို့နယ်အတွင်း ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

ပဲခူး ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။

**စေတနာထားလုပ်ဆောင်**

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့တော်ခန်းမစုရပ်နှင့် ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး စုရပ်တို့၌ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် နိုင်ငံ့ဝန်ထမ်းများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကိုလည်းကောင်း၊ အင်းတကော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် စေတနာ့ဝန်ထမ်းများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး သက်ကြီးရွယ်အိုများအား ကာကွယ်ဆေးထိုးနှံပေးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြစ်ပြီး ကုသိုလ်ရသောလုပ်ငန်းတစ်ခုဖြစ်၍ စေတနာထား လုပ်ဆောင်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ်အဝင် ဝင်းဘောဒတ် လုံခြုံရေးနှင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်သို့ သွားရောက်ခဲ့ပြီး လူ/ယာဉ်စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **တင်စိုး(ပဲခူး)**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၀-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာမြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းများကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**အလှူငွေများပေးအပ်**

ယင်းသို့ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၄၃ ဦးနှင့် အမျိုးသမီး ၉၃ ဦး စုစုပေါင်း ၂၃၆ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၂ ဦးနှင့် အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၅၇ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၅၀ ကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုင်းရယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံ

မိုင်းရယ် ဩဂုတ် ၃၀

မိုင်းရယ်မြို့နယ်၌ သတ်မှတ်လူဦးရေ ၁၃ အုပ်စုမှ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံထားသူများကို ယနေ့နံနက် ၁၀ နာရီမှစတင်၍ ဒုတိယအကြိမ် ထိုးနှံပေးခဲ့သည်။

ဒုတိယအကြိမ် ကာကွယ်ဆေးများကို မိုင်းရယ်မြို့ အမှတ်(၁)ရပ်ကွက်ရှိ နမ့်ရယ်ခန်းမ၊ ဟိုတိကျေးရွာကျေးလက်ကျန်းမာရေးဌာန၊ မန်စန့်ကျေးလက်ကျန်းမာရေးဌာန၊ ဟိုယကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ စက်ရုံဝန်ထမ်းများ၊ ဈေးရောင်းသူများ စုစုပေါင်း ၂၇၉ ဦးကို ထိုးနှံပေးနိုင်ခဲ့ပြီး ယနေ့အထိ ဆေးထိုးနှံပြီးသူ ၃၃၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကမ်းမယ့်လက် ပရဟိတနှင့် လူမှုကူညီရေးအသင်းတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ် ငါ့သရောက်-ဂျမ်းလှီးလမ်း မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ပြီးစီး

ညောင်ဦး ဩဂုတ် ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၅၃ သန်းဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်-ဂျမ်းလှီးမြေသားလမ်း ၁၁/၄ မိုင်အနက် ကျန်ရှိနေသော ၂/၆ မိုင်အား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းအားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်းမှကျောက်ချောလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ညောင်ဦးမြို့နယ် ငါ့သရောက်-ဂျမ်းလှီး လမ်းကြောင်းအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# လိုတရ

ပီမိုးနင်း

**သူတစ်ပါးချမ်းသာမှာကိုသာ ထင်မြင်၊ သူတစ်ပါးတိုးတက်၍နေသည်ကိုသာ တွေး၊ အိမ်နီးပါးချင်း ဖြစ်ထွန်းကြီးပွား စီးပွားတိုးတက်နေသည်ဟူ၍သာ ယုံကြည်။ ထိုကဲ့သို့ အမြဲထင်မြင်ဝမ်းသာလေ့ရှိသော သူ၏စိတ်မှာ အမြဲကြွယ်ဝပြည့်စုံလျက် လူပါ ကြွယ်ဝ၍လာလိမ့်မည်။ ထိုသူမှာ မိမိကိုယ်တိုင်လည်း ဆင်းရဲလိမ့်မည်ဟူ၍ အဘယ်အခါမျှ ထင်တော့မည် မဟုတ်ပေ။ မိမိကိုယ်တိုင် ချမ်းသာမည်ကို ထင်မြင်တောင့်တသည့်အခါ တစ်နည်းနည်းဖြင့် မိမိချမ်းသာဖို့နည်းလမ်းများ ပေါ်ပေါက်၍လာလိမ့်မည်။ မိမိ၏အခြေအနေမှာ သိသိသာသာ ပြောင်းလဲ၍လာပါလိမ့်မည်**

လောက၌ မနုဿလူ၏အစွမ်းဖြင့် ရနိုင်ခွင့်ရှိသော အရာဟူသမျှကို ယုံကြည်သော အထင်အမြင်စိတ်ဖြင့် မည်သူမဆို ရနိုင်လေသည်။ မဖြစ်နိုင်သော အရာကို မတောင့်တအပ်ပေ။

ဤနည်းဖြင့် လူချစ်လူခင်များအောင် လုပ်နိုင်၏။

ဤနည်းဖြင့် ဂုဏ်ကျက်သရေ၊ ရွှေ၊ ငွေ၊ ဘဏ္ဍာ၊ လယ်ယာမိုးမြေကိုပင် ရှိနိုင်လေသည်။ ယုံမှားသံသယကင်းကြစေသတည်း။

ကြွယ်ဝသူဖြစ်လိုလျှင် ကြွယ်ဝသောစိတ်ရှိစေရမည်။ မိမိ၏စိတ်၌ ဆင်းရဲခြင်း၏ အငွေ့အသက်မရှိစေရအောင် သတိထားရမည်။

ငါဆင်းရဲတော့မည်၊ ဒုက္ခဖြစ်တော့မည် ထင်ပါရဲ့၊ အလုပ်လည်းမရှိဘူး၊ ဘယ်ပုံအသက်မွေးရမလဲ၊ ငတ်တော့မှာပဲ၊ ကျပ်တော့မှာပဲ စသည့်စိတ်မျိုးသည် စိတ်မွဲမျိုးဖြစ်၏။ အမြဲမိမိကိုယ်ကို ကြွယ်ဝသူကဲ့သို့ သဘောထားကာ စိတ်မှာကြွယ်ဝ၍ နေစေရမည်။

ပူပင်ကြောင့်ကြခြင်းဟူသမျှ ကင်းလျက် ချမ်းသာကြွယ်ဝသော အခြေအနေတို့ကိုသာ ထင်မြင်လျက် ဆင်းရဲငတ်မွတ်စုတ်နုတ်ခြင်းဟူသမျှတို့ကို မထင်မမြင် မတွေးမခေါ်ရပေ။

လက်ထဲ၌ ငွေတစ်ကျပ်တည်းရှိ၍ မသုံးဘဲ မနေနိုင်သဖြင့် သုံးရတော့မည်ရှိသည့်အခါ နက်ဖြန်ခါကျလျှင် ခက်တော့မည်ဟူသော နောင်အတွက်တွေးကာ ပူပန်သောစိတ်မရှိစေရ။ လက်ဝယ်ငွေကြေးမြောက်မြားစွာ ကျန်ရှိသောသူအလားကဲ့သို့ ပစ်ခတ်သုံးစွဲရမည်။

လူမှာ ဝီရိယနှင့် အလုပ်ကိုလုပ်ခြင်း၊ အလုပ်၏အကျိုးစီးပွားကို အမှန်ခံစားရမည်ဟု ယုံကြည်စိတ်ချခြင်း ဤနှစ်ချက်သာလို၏။ ပျက်စီးခြင်း၊ ဆင်းရဲခြင်းများကို ထင်မြင်တွေးတောကြောင့်ကြစိုးရိမ်နေဖို့ မဟုတ်ပေ။

လူတို့၏ အပြင်အပအခြေအနေသည် စိတ်နေသဘောထားပုံအတိုင်း ဖြစ်တတ်လေသည်။ လောကကြီးတစ်ခုလုံးကို စိတ်သည်ပြုပြင်၏။ စိတ်မွဲလျှင် လူမွဲလေသည်။

မိမိကိုယ်တိုင်နှင့်ပတ်သက်၍ မွဲခြင်းမှာ မိမိဆင်းရဲသည့်အတွက် ညည်းညူကာ စိတ်မချမ်းသာခြင်း၊ နောင်ဆင်းရဲမှာ၊ မွဲမှာကို တွေးခေါ်ကြောက်ရွံ့ခြင်း၊ အောင်မြင်ဖြစ်မြောက်ပါ့မလားဟု ကြောင့်ကြခြင်းများဖြစ်လေသည်။

စိတ်မွဲလျှင် ကိုယ်မွဲ၏။ သူတစ်ပါးနှင့်ပတ်သက်၍ မွဲခြင်း၊ ဆင်းရဲခြင်းကို ထင်မြင်ခြင်းသည်လည်း ဆင်းရဲသောစိတ်၊ မွဲသောစိတ်ပင်ဖြစ်လေရာ မိမိကိုယ်တိုင် ဆင်းရဲခြင်း၏အကြောင်းပင် ဖြစ်လေသည်။

စိတ်မွဲခြင်းဆိုရာမှ ကိုယ်တိုင်နှင့်ပတ်သက်၍လည်း မမွဲရ၊ သူတစ်ပါးနှင့်ပတ်သက်၍လည်း မမွဲစေရအောင် သတိထားရမည်။ သူတစ်ပါးနှင့်ပတ်သက်၍ မွဲခြင်းကား အခြားမဟုတ်။ မည်သူဖြင့်ပျက်တော့မည်။ မည်သူ့မှာတော့ ဟန်သာရှိတယ် အဆံမရှိဘူး။ မည်သူ့မှာ အကြွေးလည်ပင်းရောက်နေသတဲ့၊ ဘယ်သူဖြင့် ဒေဝါလီဖြစ်လုပြီ၊ ဘယ်သူဝတ်ထားတာက သတ္တုလက်ကောက်တွေပဲ၊ ခါတုဗေဒစိန်တွေပဲ စသည်ဖြင့် မနာလိုသော ဤစိတ်မျိုးသည် မွဲခြင်း၊ ဆင်းရဲခြင်းကို ထင်မြင်သောစိတ်များဖြစ်ရာ ထိုစိတ်များသည် ထင်မြင်သူကိုယ်တိုင်အား မကောင်းကျိုးကို အဟုတ်အမှန်ပေးလေသည်။ ဤကား ဓမ္မတာသဘောဖြစ်လေသည်။ သို့ဖြစ်သောကြောင့် လောကမှာ ပျက်စီးဆင်းရဲသူတွေ များ၍နေကြလေသည်။

သူတစ်ပါးချမ်းသာမှာကိုသာ ထင်မြင်၊ သူတစ်ပါးတိုးတက်၍နေသည်ကိုသာတွေး၊ အိမ်နီးပါးချင်း ဖြစ်ထွန်းကြီးပွား စီးပွားတိုးတက်နေသည်ဟူ၍သာ ယုံကြည်။ ထိုကဲ့သို့ အမြဲထင်မြင်ဝမ်းသာလေ့ရှိသော သူ၏စိတ်မှာ အမြဲကြွယ်ဝပြည့်စုံလျက် လူပါ ကြွယ်ဝ၍လာလိမ့်မည်။ ထိုသူမှာ မိမိကိုယ်တိုင်လည်း ဆင်းရဲလိမ့်မည်ဟူ၍ အဘယ်အခါမျှ ထင်တော့မည် မဟုတ်ပေ။ မိမိကိုယ်တိုင် ချမ်းသာမည်ကို ထင်မြင်တောင့်တသည့်အခါ တစ်နည်းနည်းဖြင့် မိမိချမ်းသာဖို့နည်းလမ်းများ ပေါ်ပေါက်၍လာလိမ့်မည်။ မိမိ၏အခြေအနေမှာ သိသိသာသာပြောင်းလဲ၍လာပါလိမ့်မည်။

မိမိအမုန်းဆုံးသောသူ၊ အမုန်းဆုံးသောသတ္တဝါတို့ကို တွေးတောရှာကြံပြီးနောက် အမုန်းကိုဖျောက်ပြီးလျှင် ပျက်စီးစေလိုသည့်စိတ်တွေပါ ကင်းပျောက်စေလျက် ချမ်းသာနေ၊ သင်းအမုန်ချမ်းသာမှာပဲဟူသော စိတ်ကိုထား၊ ချမ်းသာနေသည်ဟု ယုံကြည်ခြင်းသည် ချမ်းသာပါစေဟု ဆုတောင်းခြင်းထက် ပိုမို၍စွမ်းလေသည်။ ချမ်းသာပါစေဟု ဆုတောင်းခြင်းမှာ ဆင်းရဲနေသောကြောင့် ချမ်းသာအောင် ဆုတောင်းရသောအနေမျိုးသို့ ရောက်လေရာ ဆင်းရဲကြောင်း ရှေးဦးပထမယုံကြည်ပြီးမှ ချမ်းသာအောင် ဆုတောင်းရခြင်းဖြစ်လေသည်။ သို့ဖြစ်လေရာ ဆင်းရဲသည်ဟု ယုံကြည်သောစိတ်သည် ချမ်းသာခြင်းကို ဖြစ်စေနိုင်လေရာ ထိုအထင်အမြင်စိတ်ကို ချမ်းသာပါစေဟူသော (Will Power) သည် လွယ်ကူစွာနိုင်မည်မဟုတ်ပေ။ ဤသဘောသည် အတော်သိမ်မွေ့လေရာ သေချာစွာစဉ်းစားပါလေ။ ချမ်းသာနေသည်ဟု ယုံကြည်ခြင်းသည် တကယ်ချမ်းသာစေနိုင်၏။

အကြောင်းမူကား ယုံကြည်ခြင်းကို တန်ခိုးကြီးသော (Megiration) ဖြစ်လေသည်။ ချမ်းသာပါစေဟူသောဆုတောင်း၌ ဆင်းရဲနေသည်ဟူသော ယုံကြည်သော အင်မာဂျင်နေရှင်း အထင်အမြင်စိတ်က လွှမ်းမိုး၍နေလေသည်။ ထိုလွှမ်းမိုးသောစိတ်က မီးစတစ်ဖက်၊ ဆုတောင်းမေတ္တာက ရေမှုတ်တစ်ဖက်ဖြစ်လေရာ ဆုတောင်းကျိုးမနပ်ဖြစ်တတ်လေသည်။ မျက်မြင်တွေ့ရှိရသည်အရ တစ်စုံတစ်ယောက်ပျက်စီးတော့မည်ရှိသည့်အခါ ဝမ်းနည်းဟန်နှင့် ပြောသူတို့အနက် ဝမ်းမြောက်သူတွေ များစွာရှိကြလေသည်။

အပြိုင်ဖြစ်သော သတင်းစာနှစ်ခုအနက် တစ်ဦးမှာ စောင်ရေလျော့လျှင် တစ်ဦးမှာ ဝမ်းသာတတ်၏။ စောင်ရေလျော့သွားသည်ဟူသော စကားကိုလည်း တစ်ဦးက လွယ်ကူစွာ ယုံတတ်၏။ လွယ်ကူစွာ မယုံဘဲ အဘယ်ကြောင့် လျော့ရမလဲ၊ မလျော့ဖို့နည်းလမ်းတွေ အဘယ်ပုံရှိတာပဲ၊ ဒီစကားမဟုတ်နိုင်ဘူး၊ တိုးနေရမည်၊ လျော့လျှင်လည်း ပျက်စီးဆုတ်ယုတ်သွားလောက်အောင် မလျော့နိုင်ဘူးဟူသောစိတ်မျိုးကို ထားတတ်သောအကျင့်ရှိစေရမည်။ ထိုအကျင့်သည် အမှန်ပြည့်ဝချမ်းသာသော စိတ်ကိုဖြစ်စေလျက် ပြည့်ဝချမ်းသာသော အခြေအနေကို ဖြစ်စေနိုင်လေသည်။

တစ်ပါးသူ ဆင်းရဲခြင်း၊ ပျက်စီးခြင်း၌ ဝမ်းသာခြင်းသည် မိမိမှာ တစ်စုံတစ်ရာ အဆီအသားမတိုးဘဲလျက် အကျိုးယုတ်စေသောစိတ်ကို မွေးမြူခြင်းဖြစ်လေသည်။

မနာလိုခြင်းသည် မိမိထက်သာမှာကို ကြောက်ခြင်းဖြစ်လေရာ သာမှာကိုကြောက်လျှင် မိမိအခြေအနေကို ဆုတ်ယုတ်နိမ့်ကျမည်ကို ထင်မြင်ခြင်းပင်ဖြစ်လေသည်။ ထိုမြင်ခြင်းသည် မိမိကိုယ်ကို အကျိုးယုတ်စေသော စိတ်ပင်ဖြစ်လေသည်။ သို့ဖြစ်သောကြောင့် "သူများမနာလို ကိုယ်အကျိုးမရှိ"ဟု ရှေးလူကြီးများ ပြောခဲ့ကြလေသည်။ စင်စစ်မှာ အကျိုးမရှိရုံမက အကျိုးယုတ်စေသောစိတ်ဖြစ်လေသည်။

သို့ဖြစ်လေရာ ကြီးပွားချမ်းသာလိုသောသူမှာ မိမိနှင့်ပတ်သက်၍လည်းကောင်း၊ သူတစ်ပါးနှင့်ပတ်သက်၍လည်းကောင်း ဆင်းရဲစိတ်၊ မွဲစိတ် အငွေ့အသက် လုံးလုံးကင်းစေရမည်။

စွဲလမ်းစူးစိုက်သောစိတ်သည် အမှန်တန်ခိုးကြီး၏။ ဖြစ်နိုင်သောအရာ၊ ဖြစ်နိုင်၊ ရောက်နိုင်သော အခြေအနေမှန်က စူးစိုက်သောစိတ်နှင့် စွဲစွဲလမ်းလမ်းကြံလျှင် တစ်နေ့သ၌ ပေါက်ရောက်ရလေသည်။ အများအားဖြင့် ပေါက်ရောက်စွာမဖြစ်မမြောက်ကြသည်မှာ တစ်စုံတစ်ခုကို တစ်သမတ်တည်းမကြံ၊ တစ်မျိုးပြီးတစ်မျိုး အကြံပြောင်းလဲကြခြင်းကြောင့် ဖြစ်ရလေသည်။ ကမ္ဘာပေါ်၌ အကျော်စောဆုံးသော ခေတ်ဆရာကြီးဖြစ်လိုက သင့်မှာ အဟုတ်ခေတ်ဘက်၌ ဝါသနာပါချေက စိတ်ကိုမပြောင်းဘဲ ဤအလုပ်တစ်ခုတည်းကိုသာ အစဉ်တစိုက်ကြံစည်ကာ နည်းလမ်းရှိသမျှကို ရှာဖွေလျှင် ဧကန်တစ်နေ့ ကျော်စောထင်ရှားခြင်းအဖြစ်သို့ ရောက်ရမည်။

ဝီရိယထက် စွဲမြဲခြင်းသည် ပိုမို၍ အစွမ်းကောင်းလေသည်။ နောင်ငါးနှစ်၊ ဆယ်နှစ်ကြာလျှင် တစ်စုံတစ်ခုကို အမှန်ဖြစ်မြောက်နိုင်ဖို့ ရှိသော်လည်း မစောင့်နိုင် မအောင့်နိုင်၊ ယခုလတ်တလော အဘယ်ပုံချမ်းသာမည်ဟူသော နည်းလမ်းတို့ကို ပြောင်းလဲကာ သူတစ်ပါးပြောတိုင်း အားကျ၍သော်လည်းကောင်း၊ သူတစ်ပါးဖြစ်မြောက်သည်ကို မြင်သဖြင့်သော်လည်းကောင်း ပြောင်းလဲခြင်းကြောင့် လမ်းဆုံးသို့မရောက်ဘဲ နေကြရလေသည်။ မျှော်လင့်ခြင်း၊ ယုံကြည်ခြင်း၊ လိုသောအရာကို ထင်ရှားစွာ အမြင်အထင်စိတ်ပေါက်ခြင်းသည် အောင်မြင်ခြင်း၏ မလွှဲနိုင်သောနည်းလမ်းဖြစ်လေသည်။

အဘယ်မျှပင် အထင်အမြင်စိတ်ပေါက်၍ အဘယ်မျှပင်ယုံကြည်သော်လည်း စွဲစွဲလမ်းလမ်း မလုပ်လျှင်မဖြစ်နိုင်ပေ။ စွဲလမ်းစွာလုပ်ခြင်း၌ ဖြစ်မှဖြစ်ပါ့မလားဟူသော သံသယစိတ်ကင်းဖို့သာ လိုလေသည်။

လောက၌ ကျိန်းသေကိုသာ စောင့်မျှော်လျှင် မည်သည့်အလုပ်မျှဖြစ်မြောက်မည် မဟုတ်ပေ။ ဘီအေ-အမ်အေအောင်ပြီး ရာထူးရဖို့ မျှော်လင့်ပညာသင်သူတို့မှာ ခုလတ်၌ မမာမကျန်းဖြစ်နေမလား။ မိဘသေဆုံး၍ စရိတ်အကုန်ဆက်လက်မခံနိုင်ဘဲနေမလားဟူသော တွေးတောချက်တို့ကြောင့် ကျိန်းမသေတဲ့ အလုပ်ကြီးပါလားဟု စိတ်ကို လျှော့ကြလျှင် အမ်အေအောင်သူ၊ အိုင်စီအက်စ်အောင်သူတွေပင် ရှိကြမည်မဟုတ်ပေ။ အောင်နိုင်လျှင် အကျိုးရှိသည်ဟူသော စကားသည် မမှားနိုင်သောစကားဖြစ်လေသည်။

လင်ယောကျ်ားသေသည်ဟု အိပ်မက်သည့်အခါ လင်နှင့်ကွဲလိုသောစိတ်ရှိ၍နေကြောင်း အထက်၌ ဖော်ပြခဲ့ပြီ။ သို့သော်လည်း ဤလင်နှင့်ကွဲပြီး ဟိုလင် ထိုလင်ကို ယူလိုသောကြောင့်ဟု မဆိုလိုပေ။ အချို့လည်း လင်ယူမိတာ မှားသည်ဟူသောစိတ်နှင့် ကွဲလိုခြင်းဖြစ်တတ်လေသည်။ သို့အိပ်မက်သည့်အခါ မိန်းမများမှာ ထိုစိတ်ရှိကြောင်း သတိမရဘဲနေတတ်လေသည်။ ထိုစိတ်သည် တစ်ခါတစ်ရံပေါ်ပေါက်မိ၏။ အခါများစွာ မသိမသာရှိနေတတ်လေသည်။ အိပ်မက်သည်ညဉ့်မှာ စိတ်မကူးဘဲ မက်တတ်၏။ စိတ်ကူးတိုင်း အိပ်မက်သည်မဟုတ်ပေ။ တစ်ခါတစ်ရံ စိတ်ကူးဖူး၊ ဖြစ်ပျက်ဖူးပြီး မေ့မေ့ပျောက်ပျောက်ဖြစ်သည့်အခါ သာ၍မက်တတ်လေသည်။

မိမိမှာ ဝေဒနာတစ်ခု ပေါ်လာသည်ထင်လျှင် ငါ့မှာတန်ခိုးရှိ၏။ ငါ၌ ထိုရောဂါကို နှင်နိုင်သော သတ္တိတန်ခိုးရှိ၏ဟု ယုံကြည်အားတက်ကာ ဖော်ပြခဲ့သောနည်းတို့ကို အသုံးပြုလျှင် ဧကန်ချမ်းသာရပါလိမ့်မည်။

မနာလိုသောစိတ်သည် မိမိမကြီးပွားနိုင်ကြောင်း ထင်မြင်ယုံကြည်ရာသို့ရောက်သော စိတ်ဖြစ်ရာ ကြီးပွားခြင်းဘေးရန်ဖြစ်လေသည်။ ရလိုသောအရာကို ထက်သန်စွာ အိပ်မက်၌ မက်လုခမန်းဖြစ်အောင် တကယ်စွဲစွဲလမ်းလမ်း တောင့်တ၍ နည်းလမ်းရှိသမျှကို ငါအသုံးပြုမည်ဟူသော စိတ်လည်းရှိက နည်းလမ်းတွေပေါ်လာရ၏။ ထိုနည်းတွေ ပေါ်လာရမည်ကို ယုံကြည်ဖို့သာ လိုလေသည်။

ဝေဒနာတစ်ခုရှိလျှင် ထိုဝေဒနာပျောက်တော့မည်၊ သွားတော့မည်ဟု စူးစိုက်စွာဆင်ခြင်ပါလေ။

ကလေးများမှာ ဝေဒနာရှိလျှင် နားနားကပ်ကာ ပျောက်တော့မည့်အကြောင်းကို ယုံကြည်အောင် ပြော၍ပြရမည်။ အိပ်ပျော်သည့်တိုင်အောင် ပြော၍ပြလျှင် သာ၍ပျောက်လွယ်လေသည်။

အလိုရှိသောအရာကို အိပ်ပျော်သည့်တိုင်အောင် စူးစိုက်စွာထင်မြင်လျှင်ရမည်ဟု ယုံကြည်၊ ထိုအရာကို မြင်အောင်ရှု၊ ကိုယ်လက်တို့ကို လျှော့၍ထား၊ ရဖို့ရန်လမ်းပေါ်လာရမည်။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ဗန်းမော်**
ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးပြီးသူများအား ဒုတိယအကြိမ် စတင်ထိုးနှံပေးခြင်းကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးသည်။

ဗန်းမော်မြို့နယ်အတွင်းရှိ အစိုးရ၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဘုန်းကြီး၊ သီလရှင်၊ ဘာသာရေးကျောင်း၊ ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများအား ဦးစားပေးအုပ်စုအလိုက် နေ့စဉ်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ရိုခေါဒါရ်**
ချင်းပြည်နယ် ရိုခေါဒါရ်မြို့၌ တာဝန်ထမ်းဆောင်သည့် နိုင်ငံ့ဝန်ထမ်း၊ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဒုတိယအကြိမ်ထိုးနှံခြင်းကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီမှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စတင်ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးရာတွင် အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၂၆ ဦးတို့အား ရိုခေါဒါရ်မြို့ တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာစန်းမာနှင့် သူနာပြုဆရာမများက ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**သောမတ်**

**ရန်ကုန်**
ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ဩဂုတ် ၃၀ ရက် နံနက် ၇ နာရီမှစ၍ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို (ဆ)ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ခရေခန်းမတွင် ထိုးနှံပေးသည်။

မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြတ်စန္ဒာအေးက "ကျွန်မတို့အနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးရာမှာ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ အစိုးရနှင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဆရာတော်များ၊ သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၁၉၀၀၀ တို့အား ဆေးထိုးပေးနိုင်ခဲ့တဲ့အပြင် မြောက်ဥက္ကလာပစက်မှုဇုန်နဲ့ ရွှေပေါက်ကံစက်မှုဇုန်များမှ ဝန်ထမ်း ၇၄၀၀ တို့ကိုလည်း ဆေးထိုးပေးနိုင်ခဲ့ပါတယ်၊ ဒီနေ့ဆိုရင် အသက် ၆၅ နှစ်အထက် ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးသူတွေကို ဒုတိယအကြိမ် ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**မြမြဝင်း (ပြန်/ဆက်)**

**မဘိမ်း**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm အမျိုးအစား ထိုးနှံထားသူများအား ဒုတိယအကြိမ်အဖြစ် ဆက်လက်ထိုးနှံပေးခြင်းကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဆောက်အအုံသစ်တွင် ဆက်လက်ထိုးနှံပေးသည်။

မဘိမ်းမြို့ပေါ်ရပ်ကွက် လေးရပ်ကွက်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးသူများအား ဒုတိယအကြိမ်အဖြစ် ဆက်လက်ထိုးနှံပေးခြင်းဖြစ်ကြောင်းနှင့် ဆေးထိုးရန်ကျန်ရှိသည့်ကျေးရွာများမှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် ဦးစားပေးအဆင့်တွင် ပါဝင်သူများကိုလည်း သတ်မှတ်စုရပ်များတွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**

**ပေါင်**
မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဆေးထိုးစုရပ် ငါးနေရာ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ပေါင်မြို့နယ်၌ ဆေးထိုးစုရပ်များဖြစ်သော ပေါင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှုခန်းမ၊ မုတ္တမကျေးရွာတိုက်နယ်ဆေးရုံ၊ အလှပ်ကျေးရွာတံတားဦးဘုန်းကြီးကျောင်း၊ သဲအိမ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် ရင်ငြိမ်းကျေးရွာ အ.ထ.ကကျောင်းတို့တွင် ဆရာတော်သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့် ပြည်သူများအား ထိုးနှံပေးကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပေါင်



## ပြိုကျခဲ့သည့်မြေထိန်းနံရံအား မျောရိုက်၊ ကပ်ကာ၊ သဲအိတ်ချခြင်းလုပ်ငန်းများဆောင်ရွက်

မြင်းမူ ဩဂုတ် ၃၀
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျခဲ့သည့် မြေထိန်းနံရံအား မျောရိုက်၊ ကပ်ကာ၊ သဲအိတ်ချခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းအောင်ထံမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဩဂုတ် ၂၈ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက တောင်ပိုင်းရပ်ကွက် ကမ်းနားလမ်း မြေထိန်းနံရံအရှည်ပေ ၁၀၀ ခန့်၊ အကျယ်ရှစ်ပေခန့်သည် ရောဝတီမြစ်ကမ်းဘက်သို့ ပြိုကျမှုဖြစ်ပွားခဲ့သဖြင့် မျောရိုက်၊ ကပ်ကာ၊ သဲအိတ်ချခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကိုကို၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများပူးပေါင်းကာ မျောတိုင်ရိုက်၊ ဝါးထရံကာ၍ သဲအိတ်ချထားခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

**လူလေး**

## ပဲခူးခရိုင်အတွင်း ကျေးရွာမတည်စီမံကိန်းရန်ပုံငွေထုတ်ချေး

ပဲခူး ဩဂုတ် ၃၀
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်မှုများ ကုစားနိုင်ရန်အတွက် ရည်ရွယ်၍ ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)အား ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစတင်၍ ပဲခူးခရိုင်အတွင်း မြို့နယ်ရှစ်မြို့နယ်၌ Type-1 ၄၂ ရွာ၊ Type-2 ၁၁ ရွာ၊ Type-3 ခြောက်ရွာ စုစုပေါင်းကျေးရွာ ၅၉ ရွာ၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယခုအခါ စီမံကိန်းကာလ တစ်နှစ်ပြည့်မြောက်၍ ချေးငွေအရင်း/ အတိုးများ ပြန်လည်ကောက်ခံခြင်း၊ ပေးဆပ်ခြင်းနှင့် ဒုတိယစက်ဝန်းအတွက် ပြန်လည်ထုတ်ချေးခြင်းများအား ၂၀၂၁ ခုနှစ် ဩဂုတ်လအထိ ကျေးရွာပေါင်း ၄၉ ရွာတွင် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ထုတ်ချေးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ကျန်ကျေးရွာ ၁၀ ရွာတွင်လည်း စက်တင်ဘာလအတွင်း ချေးငွေ၊ အရင်း၊ အတိုးကောက်ခံမှုများ၊ ပြန်လည်ထုတ်ချေးခြင်းများကို ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**ကြေးမုံ**

## လက်ပံတန်းမြို့နယ် ပေါက်ကုန်း-သီတာလမ်း ကွန်ကရစ်ခင်း



လက်ပံတန်း ဩဂုတ် ၃၀
၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေမှ ဆောင်ရွက်ခွင့်ပြုသည့် လက်ပံတန်းမြို့နယ် ပေါက်ကုန်း-သီတာလမ်း ကွန်ကရစ်ခင်းခြင်း (အလျားပေ ၄၉၀၊ အနံ ၁၀ ပေ၊ ဒုရှစ်လက်မ) ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်းဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းစန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးနှင့် အငယ်တန်းအင်ဂျင်နီယာ-၃ ဒေါ်နှင်းလဲ့ကေခိုင်တို့က ဩဂုတ် ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

လူသားတို့၏ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

သည်မျှ ပြောလိုက်သည်ဆိုလျှင်ပင် ဦးကောင်းမိုးသည် ဦးအောင်ခန့်၏ ဆိုလိုရင်းကို သဘောပေါက်လာနိုင်ဟန် တူသည်။ ယင်းတွင်းရာကို လာရောက်ဝယ်ယူခြင်းပင်ဖြစ်မည်ဟု ရိပ်စားမိပုံရသည်။

ဦးကောင်းမိုးသည် ထိုင်ရာမှ ထလိုက်သည်။ ကွပ်ပျစ်ပေါ်မှ ဆင်းလိုက်သည်။

"ဒီမှာ ကိုအောင်ခန့်၊ ခင်ဗျားက ကျုပ်ရဲ့ တွင်းရာကို ဝယ်ချင်တဲ့သဘောပေါ့ ဟုတ်လား"

သူသည် မခိုးမခန့်အမူအရာဖြင့် ကြည့်နေသည်။ မျက်နှာအနေအထားမှာလည်း တင်းမာလာသည်။

"ဆိုပါတော့ ကိုကောင်းမိုး၊ အဲဒီကိစ္စအတွက် ကျုပ်ရောက်လာရတာပဲ"

ဦးကောင်းမိုးသည် ဦးအောင်ခန့်၏ မျက်နှာကို စူးစိုက်ကြည့်သည်။

"ကျုပ်ရဲ့ ဝိုင်းထဲက ဆွဲထုတ်မပစ်မိခင် ခင်ဗျားဘာသာ ထွက်သွားရင်ကောင်းမယ် ထင်တယ် ကိုအောင်ခန့်"

"ဗျာ"

အမှန်ပင် သည်သို့သောစကားမျိုးကို ဦးကောင်းမိုး ဆိုလာအံ့မထင်။ အဘယ်မျှ မိမိအပေါ် မျက်နှာကြော မတည့်သည်ဆိုစေ။ သည်အထိ တိုက်ရိုက်ကျသော စကားများဖြင့် မောင်းနှင်လွှတ်ခြင်း ခံရလိမ့်မည်ဟု မမျှော်လင့်ရိုးအမှန်။ ထို့ကြောင့်လည်း အံ့အားသင့်ရသည်။ ခံပြင်းရသည်။ နှုတ်မှ အာမေဍိတ်သံပင် ထွက်လာရသည်။

"ဒါ ခင်ဗျားက ကျုပ်ကို သက်သက်မဲ့ စော်ကား မော်ကား လုပ်တဲ့သဘောပေါ့ ဟုတ်လား ဦးအောင်ခန့်"

"မဟုတ်ပါဘူး ကိုကောင်းမိုး၊ ကျုပ်မှာ အဲဒီဆန္ဒမျိုး မရှိခဲ့ပါဘူး။ အလုပ်ကိစ္စအတွက် သက်သက်ပဲဆိုပါတော့"

"အလုပ်ကိစ္စကို အကြောင်းပြုပြီး ကျုပ်ကို သက်သက်လာစော်ကားတယ်ဆိုတာ ကျုပ်နားလည်ပါတယ်ဗျာ။ ကျုပ် ဒီလောက် မအပါဘူး။ ခင်ဗျား ထင်နေတယ် မဟုတ်လား ကိုအောင်ခန့်။ ကျုပ်ဟာ ဆင်းရဲနေပြီ၊ ငတ်နေပြီလို့။ တကယ်လို့ ကျုပ်ကသာ ခင်ဗျားပြောသလို တွင်းရာကို ရောင်းလိုက်မယ်ဆိုရင် တခြားသူတွေက ဘာပြောကြမလဲ။ ငတ်ပြတ်ဆင်းရဲနေလို့ ရောင်းလိုက်ရတယ်လို့ မပြောကြဘူးလား။ ခင်ဗျားကို ဒူးထောက်လိုက်ရပြီလို့ မဆိုကြဘူးလား။ ဒီလိုဖြစ်လာအောင် တမင်ဖန်တီးတာ မဟုတ်လား ကိုအောင်ခန့်"

ဦးကောင်းမိုး၏ မျက်လုံးများမှာ အရောင် တောက်ပလာသည်ဟု ထင်ရသည်။ မိမိအား မုန်းတီးခြင်းပြင်းပြစွာဖြင့် စူးစိုက်ကြည့်လာသည်ကို မြင်ရသည်။ သည်တော့လည်း ဦးအောင်ခန့်သည် မိမိ၏တွက်ကိန်း မှားယွင်းလျက်ရှိလေပြီဆိုခြင်းကို သဘောပေါက်လာရလေသည်။

"ကျုပ် အမှန်အတိုင်းပြောမယ် ကိုကောင်းမိုး၊ ကျုပ်ဟာ တစ်ပါးသူကို ဘယ်တော့မှ ဂရုမစိုက်ဘူး။ ဘယ်သူ ဘာပြောပြော ကျုပ်အနေနဲ့ လုပ်သင့်တယ်ထင်တာကို လုပ်တာပဲ။ အခုဟာကလည်း ခင်ဗျားဟာ ကျုပ်မြေနဲ့ ဆက်စပ်နေတဲ့မြေက တွင်းရာတချို့ကို ရောင်းပစ်နေတယ်လို့ သိရတယ်။ ကျုပ်ကလည်း လုပ်ငန်းတိုးချဲ့နေတယ်ဆိုတာ ခင်ဗျားမြင်တဲ့အတိုင်းပဲ။ ဒီတော့ မြေချင်းဆက်စပ်နေတဲ့နေရာက တွင်းရာကိုရမယ်ဆိုရင် ပိုပြီးအဆင်ပြေလိမ့်မယ်လို့ ထင်တယ်။ ဒီသဘောနဲ့ ခင်ဗျားရဲ့ တွင်းရာကို လာဝယ်တာပဲ ဦးကောင်းမိုး"

ယခုတော့လည်း ဦးအောင်ခန့်ကိုယ်တိုင်ပင် ရင်တွင် ဒေါသဂယက် ထန်လာရသည်။ စိတ်မှာ ခံပြင်းခြင်းကို ပိုမိုခံစားလာရသည်။ သူ၏အသံမှာလည်း မာလာရလေသည်။

အခြေအနေမှာ တင်းတင်းမာမာ ဖြစ်လာသည်။ မသူဇာတို့ကပင် သူတို့နှစ်ဦးအား စိုးရိမ်တကြီး ကြည့်လာကြောင်း မြင်ရသည်။

"ကဲပါလေ၊ ခင်ဗျားအနေနဲ့ မရောင်းချင်ဘူးဆိုရင်လည်း ကိစ္စမရှိပါဘူး။ ကျုပ်အနေနဲ့ ခင်ဗျားရဲ့တွင်းရာကို သေလောက်အောင် လိုချင်နေတယ်ထားဦး၊ ခင်ဗျားမှာ ရောင်းချင်တဲ့ဆန္ဒ မရှိဘူးဆိုရင် ကျုပ်ဘာတတ်နိုင်တာမှတ်လို့။ ဒီတော့ တခြားစကားတွေ ဘာမှပြောစရာမလိုပါဘူး။ ရောင်းမယ်၊ မရောင်းဘူးဆိုတာ တစ်ခွန်းပဲ ပြောလိုက်ရင် ပြီးတာပါပဲ"

"ဟုတ်တယ်။ ခင်ဗျားမှာ ကျုပ်ရဲ့တွင်းရာကို ဝယ်ချင်တဲ့ဆန္ဒ သေလောက်အောင် ရှိနေဦး၊ ကျုပ်မရောင်းဘူး။ ပိုက်ဆံမရှိလို့ ငတ်သေပေစေ၊ လျှာမှာမြက်ပေါက်ပေစေဗျာ၊ ခင်ဗျားလိုလူကို ကျုပ်မရောင်းဘူး"

ဦးအောင်ခန့်သည် ဦးကောင်းမိုးနှယ်ပင် မျက်လုံးများ၊ အရောင်တောက်လာသည်၊ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်မိသည်။ ထိုသူ့အပေါ် မုန်းတီးမိခြင်းကို ဖုံးကွယ်မထားနိုင်။ မျက်နှာတွင် ပေါ်လွင်လာသည်။ ထို့နောက်တွင်မူ ဦးအောင်ခန့်သည် ဦးကောင်းမိုး၏ မျက်မှောက်မှ ချာခနဲလှည့်ထွက်လာခဲ့သည်။ သူ ခပ်လှမ်းလှမ်းသို့အရောက်၌ နောက်ဘက်မှ ဝယ်ယူခဲ့သည်။ တွင်းရာများကို ဝယ်တန်ဝယ်၊ ငှားတန်ငှား၊ စပ်တန်စပ် လုပ်ခဲ့သည်။ တဖြည်းဖြည်းနှင့် ဦးကောင်းမိုး၏ တွင်းများကို ဝင်းခတ်လိုက်သည်။ ယခုတွင်းကား ဝင်းခတ်ရာမှ ပေါ်ပေါက်လာရသည့် တွင်းတစ်တွင်းဖြစ်ပါသည်။

တွင်းအောင်ခြင်း ရေနံအထွက်သန်မည့် အရိပ်လက္ခဏာ မြင်ရသည်ဆိုခြင်းများကို ဦးကောင်းမိုးမသိဘဲ ရှိမည်မဟုတ်။ မိမိ၏ တွင်းများအား ဝင်းခတ်ခဲ့သည်ကိုလည်း မရိပ်မိဘဲရှိမည်မထင်။ ယခုလောက်ဆိုလျှင်ပင် သည်တွင်း၏ သတင်းနှင့် သမီးမွေးဖွားခြင်းသတင်းတို့ကို ကြားရတန်လောက်ပြီ ထင်သည်။ ထို့အတွက် ဦးအောင်ခန့်၏ရင်မှာ ကြည်နူးနေရခြင်း ဖြစ်သည်။ ရွှင်ပျနေရခြင်း ဖြစ်သည်။

သို့နှင့်အမျှ ဦးကောင်းမိုး၏ရင်တွင် အဘယ်သို့ ရှိလေမည်နည်းဆိုခြင်းကိုလည်း တွေးနေမိသည်။ မိမိအပေါ် အဘယ်မျှ ခံပြင်းနေသည်။ အဘယ်မျှ ဒေါမနဿပွားနေမည်ဆိုခြင်းကို တွက်ဆ

ဆီမှ ပျံ့လွင့်လာသော စကားသံအချို့ကို ကြားရသည်။

"ဒီတောင်ပံနီအကျိုးဟာ တော်တော့်ကို လူပါးဝတယ်"

သို့ဖြင့် ထိုစဉ်ကလည်း တစ်ကြိမ် အစော်ကားခံခဲ့ရသည်။ ဦးအောင်ခန့်၏ ရင်တွင် အကျိတ်အတေးတစ်ခု ပေါ်ခဲ့ပြန်သည်။ ထို့နောက် ဦးအောင်ခန့်သည် ဦးကောင်းမိုးအား မည်သို့မည်ပုံ ထိုးနှက်ရမည်ကို စဉ်းစားသည်။ မည်သို့မည်ပုံ အနိုင်ယူရမည်ကို တွေးသည်။

သည်တွင် သူသည် နိုင်ကွက်တစ်ကွက်ကို တွေ့လာရလေသည်။

ဦးကောင်းမိုးပိုင်ရေနံအထွက်သန်သော တွင်းတစ်တွင်းကို "ဝင်းခတ်" ရန် အကြံရလာခြင်းဖြစ်သည်။ စင်စစ် ရေနံကို ဝင်းခတ်ရသည်မှာ လွယ်ကူသောကိစ္စတစ်ရပ်တော့ မဟုတ်ပေ။ ထိုနည်းတူ ခဲယဉ်းသည်ဟုလည်း မဆိုသာ။ မိမိ၏ တွင်းများမှ အခြားသူများ ပိုင်ဆိုင်သော တွင်းဘက်သို့ မြေအောက်က ရေနံကြောအလိုက် ရေနံစီးခြင်းမှကာကွယ်ရန် ကြားကွက်လပ်ရှိ တွင်းရာများသို့ ငှားရသည်။ ဝယ်ယူရသည်။ တွင်းဖော်ရသည်။ သို့ဖြင့် တစ်ပါးသူ၏တွင်းမှာ ရေနံထွက်နှုန်း လျော့ကျသွားတတ်သည်။

ယင်းသဘောဖြင့် ဦးကောင်းမိုးပိုင်တွင်းထိပ်မှ ကြားကွက်လပ်မြေများကို ၍ ပီတိဖြာရသည်။

မကြာမီမှာပင် ဦးအောင်ခန့်သည် ရွှေကြာငုံသို့ ရောက်ရှိလာသည်။ အမှောင်သန်းခဲ့ပြီဖြစ်ပါသည်။ ရွှေကြာငုံရပ်မှာ တွင်းကုန်းကဲ့သို့မဟုတ်၊ ကန္တာရမဆန်၊ စိမ်းလန်းစိုပြည်သော သစ်ပင်ပန်းမန်များဖြင့် ဝေဝေဆာဆာရှိသည်။ လူနေရပ်ကွက်ဖြစ်၍ အသံဗလံမျိုးစုံတို့ကို ကြားလာရသည်။

ဦးအောင်ခန့်သည် ကျယ်ဝန်းသော ခြံအလယ်၊ ဝေဆာအုံ့မှိုင်းသော သီးစားပင်တို့အကြားမှာ မီးရောင်ဖြင့် ထိန်လင်းနေသည့် "ရေနံ့သာ" အမည်ပေးထားသော ရိပ်မြုံအတွင်း ပျော်ပါးသွက်လက်သောခြေလှမ်းများဖြင့် လှမ်းဝင်လာခဲ့ပါသည်။

x x x x x

[၃]

ဝိုင်းအတွင်းသို့ ဝင်ရောက်ခဲ့သောအခါ မိမိခြေလှမ်းများ အလိုလို နှေးကွေးလေးလံသွားကြရသည်ဟု ဦးကောင်းမိုး ထင်သည်။ ရင်မှာလည်း တစ်စုံတစ်ခုသောဝေဒနာကို ခံစားနေရသည့်နှယ် ရှိပါသည်။

စောစောပိုင်းက ကြားခဲ့ရလေသော သတင်းစကားများအတွက် ခံပြင်းမိသလိုရှိသည်။ ဒေါမနဿစိတ် အလိုလို ပွားနေမိသည်။

ဦးကောင်းမိုးသည် စောစောက ရွှေကြာငုံရှိ မိတ်ဆွေတစ်ဦး၏အိမ်သို့ ရောက်ရှိသွားခဲ့သည်။ စင်စစ် သွားစဉ်က စနည်းနာရအောင် သွားခဲ့ခြင်းဖြစ်ရာ ထိုနေရာမှ သတင်းစကားအချို့ကို ကြားခဲ့ရပေသည်။

ဦးအောင်ခန့်၏ဇနီး မမြလေးတွင် သမီးမွေးဖွားသောသတင်း၊ တွင်းကုန်းမှ ရေနံတွင်းအောင်သည့်သတင်း။

ယင်းသတင်းများကို ကြားခဲ့ရပြီးကတည်းက သူ့စိတ်မှာမရွှင်၊ သူ့ရင်မှာလည်း တင်းကျပ်နာကျင်လာသလို ခံစားရသည်။ သို့ဖြင့် မိမိ၏အိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့ရပြီ ဆိုလေသည့်တိုင်၊ ဦးကောင်းမိုးမှာ မရွှင်ပျနိုင်။ အိမ်ပေါက်ဝမှ ဆီးကြိုလာခဲ့သော ဇနီးသည် မသူဇာအား အခါတိုင်းကလို ပြုံးမပြနိုင်ခဲ့။ ညှော့ခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် လျှောက်လာခဲ့သည်။ ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ယင်းအခိုက် သားငယ်သည် သူ့အပါးသို့ ချဉ်းကပ်လာသည်။ မောင်မောင်ဦးကလေးကိုကြည့်ရသည်မှာ အပူအပင်အကြောင့်အကြ တစ်စုံတစ်ရာမျှ ရှိပုံမပေါ်၊ လူကြီးများ၏ အရိပ်အကဲကိုလည်း သိတတ်နိုင်ခြင်းမရှိ။ သူသည် အခါတိုင်းကလိုပင် ဖခင်ဖြစ်သူထံ ဝမ်းသာအားရပြေးလာသည်။ ပေါင်ပေါ်သို့တက်ထိုင်ကာ ရင်ခွင်တွင် မျက်နှာအပ်ထားသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

"ဒီမှာ ကိုအောင်ခန့်၊ ခင်ဗျားက ကျုပ်ရဲ့တွင်းရာကို ဝယ်ချင်တဲ့သဘောပေါ့ ဟုတ်လား"
သူသည် မခိုးမခန့်အမူအရာဖြင့် ကြည့်နေသည်။ မျက်နှာအနေအထားမှာလည်း တင်းမာလာသည်။
"ဆိုပါတော့ ကိုကောင်းမိုး၊ အဲဒီကိစ္စအတွက် ကျုပ်ရောက်လာရတာပဲ"
ဦးကောင်းမိုးသည် ဦးအောင်ခန့်၏မျက်နှာကို စူးစိုက်ကြည့်သည်။
"ကျုပ်ရဲ့ဝိုင်းထဲက ဆွဲထုတ်မပစ်မိခင်
ခင်ဗျားဘာသာထွက်သွားရင် ကောင်းမယ်ထင်တယ် ကိုအောင်ခန့်"

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ လက်လီလက်ကားရောင်းချပေးသည့်အစီအစဉ် တိုးချဲ့

နေပြည်တော် ဩဂုတ် ၃၀

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေးနှင့် အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၆ ခုမှ အိမ်သုံးဆေးဝါး ၂၁၄ မျိုးကို ရောင်းချပေးလျက်ရှိပြီး ၃၂ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း ၁၁ ရက်မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ၁၀ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရွေ့လျားဈေးကားဖြင့် သားငါးများ ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်






# လဲချားမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၅၂ သန်းကျော် ထုတ်ပေး

လဲချား ဩဂုတ် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ယနေ့ နံနက်ပိုင်းက ဟိုရင်ကျေးရွာ၊ နမ့်ကျေးရွာ၊ နောင်ပန်ကျေးရွာ၊ နောင်မိန်းကျေးရွာနှင့် ဝမ်ဟိုင်းကျေးရွာတို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသီဟန်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဟိုရင်ကျေးရွာ၌ စီမံကိန်းဝင်အသင်းသူ အသင်းသား ၈၄ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၃၅ သန်း၊ နမ့်ကျေးရွာ၌ စီမံကိန်းဝင်အသင်းသူ အသင်းသား ၉၅ ဦးကို ရန်ပုံငွေကျပ် ၄၈ သန်း၊ နောင်ပန်ကျေးရွာ၌ စီမံကိန်းဝင်အသင်းသူ အသင်းသား ၈၃ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၂ သန်း၊ နောင်မိန်းကျေးရွာ၌ စီမံကိန်းဝင်အသင်းသူ အသင်းသား ၁၈၀ ကို ရန်ပုံငွေကျပ် ၅၀ ဒသမ ၈ သန်းနှင့် ဝမ်ဟိုင်းကျေးရွာ၌ စီမံကိန်းဝင်အသင်းသူ အသင်းသား ၆၁ ဦးကို ရန်ပုံငွေကျပ် ၅၁ သန်း စုစုပေါင်း စီမံကိန်းဝင်အသင်းသူ အသင်းသား ၅၀၃ ဦးကို ရန်ပုံငွေကျပ် ၂၅၂ ဒသမ ၃၅ သန်းကို တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြသည်။

**အေးသူ**

* ကျောဖုံးမှ

သံလွင်မြစ်ကိုဖြတ်သန်း၍ ယခင်မူလ အရှည် ပေ ၇၈၀ ရှိသော သံလွင်တံတား(တာကော်) ဟောင်းနှင့် ပေ ၇၀ အကွာတွင် တည်ဆောက်နေသည့် မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းပေါ်၌ ရှိသော တံတားအမှတ်(၅/၂၈၂) သံလွင်တံတား(တာကော်) တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၁၂)မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ခန့်မှန်းတန်ဖိုးငွေကျပ်သန်းပေါင်း ၂၆၃၅၀ အကုန်ကျခံ တည်ဆောက်မည်ဖြစ်သည်။

အဆိုပါ သံလွင်တံတား(တာကော်) မှာ အရှည် ၃၅၁ မီတာ(၁၁၅၁ ဒသမ ၆၃၁ ပေ) ရှိသည်။ တံတားသစ်၏အပေါ်ထည်မှာ သံမဏိသံပေါင်(Steel Truss)နှင့် သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်၍ တံတားအောက်ခံအုတ်မြစ်များအား အချင်း ၂ ဒသမ ၇၄ မီတာရှိသည့် Caisson Foundation နှင့် အချင်း ၁ ဒသမ ၅ မီတာ ရှိသည့် သံကူကွန်ကရစ် ဘိုးပိုင်များဖြင့် တည်ဆောက်ထားကြောင်း၊ ယာဉ်သွားလမ်းအကျယ် ၂၇ ပေ ၁၀ လက်မနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၅ ပေ ၉ လက်မစီပါဝင်မည်ဖြစ်ကာ ရေလမ်းကင်းလွတ်အကျယ် ၃၆၁ ပေ နှင့်အမြင့် ၄၅ ပေ ရှိမည်ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၁၂)မှ သိရသည်။

သံလွင်တံတားသစ်(တာကော်) တည်ဆောက်ပြီးစီးပါက ဒေသအတွင်းမှ ထွက်ကုန်များသာမက မြန်မာနိုင်ငံ၏ဒေသအသီးသီးမှ ထွက်ကုန်များကိုပါ မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ ပေးပို့တင်သွင်းနိုင်မည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများမှ ထွက်ကုန်များကိုပါ မြန်မာနိုင်ငံသို့ တင်သွင်းဝယ်ယူနိုင်မည်ဖြစ်သောကြောင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းသည်လည်း နိုင်ငံ၏ဈေးကွက်စီးပွားရေးအတွက် အဓိကအချက်အချာကျသောလမ်း ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ အဆိုပါ သံလွင်တံတားသစ်(တာကော်) တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ် ဧပြီလက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလကုန်ပိုင်းတွင် တံတားသစ်တည်ဆောက်ပြီးစီးရန်လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

သတင်း - ပွင့်သစ္စာ

ဓာတ်ပုံ - စိုးမြင့်အောင်

# ရေဖြူမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ရေဖြူ ဩဂုတ် ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၀၆ ဒသမ ၉၆၁ သန်းဖြင့် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အိန္ဒရာဇာ-ဆင်ကူး-လယ်ကြီး-မင်းသား-ဆင်စွယ်- ရေငံကြီး- စိန်ဘုံကျေးရွာချင်းဆက် မြေသားလမ်း ၁၅ မိုင်အနက် လေးမိုင်ကို အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် အမာခံလမ်း နှစ်မိုင်နှင့် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်တွင် အမာခံလမ်း လေးမိုင် စုစုပေါင်း အမာခံလမ်း ခြောက်မိုင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ကိုးမိုင်အား ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

# မအူပင်မြို့နယ် ထန်းပင်ကွေ့အရှေ့ရေထိန်းတံခါးအတွင်း ငါးမျိုးစိုက်ထည့်

မအူပင် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်းငါးစားသုံးမှု တိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မအူပင်မြို့နယ် ထန်းပင်ကွေ့အရှေ့ ရေထိန်းတံခါးအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၇ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူ စုစုပေါင်း ၂၀ တက်ရောက်ကြပြီး တလုပ်လှငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ကိုးသိန်းကို ထန်းပင်ကွေ့အရှေ့ ရေထိန်းတံခါးအတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၃၀**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



**ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၅၉ ဦးကို လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၁၇၃ ဦးကို လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်ပေါင်း ခြောက်မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၇၂၁ ဦးကို လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၉၀၄၈ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၀၀၇ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၄၉၉၉ ဦးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်အတွင်းမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၈၇၁ ဦး၊ စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၅၃၀ တို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၀၄ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၉၄၁၈ ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၆၂၅၀ တို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**
**စာတည်း**




# တီးတိန်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံ

**တီးတိန် ဩဂုတ် ၃၀**
ချင်းပြည်နယ် တီးတိန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) ဒုတိယအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကာကွယ်ဆေးထိုးပေး**

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရာတွင် ဩဂုတ်၂ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခဲ့ပြီးသူ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ဘာသာရေးအသင်းဆရာတော်များနှင့် အချုပ်သား ၂၀၀ တို့အား ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး ထိုးပေးခဲ့ကြောင်း သိရသည်။

**ဒိုင်းဒိမ့်(ပြန်/ဆက်)**



# ကျောက်တံတားမြို့နယ်အတွင်း လူသွားစင်္ကြံလမ်းအချို့ အဆင့်မြှင့်ပြုပြင်

**ကျောက်တံတား ဩဂုတ် ၃၀**
ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်အတွင်းရှိ ဆူးလေဘုရားလမ်းအနောက်ဘက်ခြမ်း (မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား)ရှိ လူသွားစင်္ကြံနှင့် လမ်းများကို ယနေ့နံနက်ပိုင်းက စတင်၍ အဆင့်မြှင့်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့က ပြုပြင်ဆောင်ရွက်လျက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာ (ရေစီးရေလာ)AE ဒေါ်မိုးမိုးအေးက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံ ရွေးချယ်၍ ကျင်းပရန် စီစဉ်

**ရန်ကုန် ဩဂုတ် ၃၀**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသည့် အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံရွေးချယ်၍ ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်။

**ထုတ်ပြန်သွားဖွယ်ရှိ**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဆူဇူကီး ဖလားပြိုင်ပွဲကို ၂၀၁၈ ခုနှစ်တွင် ပြိုင်ပွဲပုံစံအသစ်ပြောင်းလဲခဲ့ပြီး အိမ်ရှင်နိုင်ငံ ရွေးချယ်ခြင်းမရှိတော့ဘဲ ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ အာဆီယံဆူဇူကီး ဖလားပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည် ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းထားရခြင်းဖြစ်ပြီး ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အဆင်မပြေသဖြင့် Centralized Venue ပုံစံဖြင့် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြုလုပ်သွားမည် ဖြစ်ပြီး အိမ်ရှင်နိုင်ငံ အတည်ပြုခြင်းကို အုပ်စုမဲခွဲပွဲပြုလုပ်မည့်ရက်တွင် တစ်ပေါင်းတည်း ထုတ်ပြန်သွားဖွယ်ရှိနေသည်။ ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲအခမ်းအနားကို စက်တင်ဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ်အထိ အိမ်ရှင်နိုင်ငံတစ်နိုင်ငံသို့မဟုတ် နှစ်နိုင်ငံရွေးချယ်ပြုလုပ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်မှသာ ပြိုင်ပွဲပုံစံပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကမ္ဘောဒီးယား၊ ထိုင်း အပါအဝင် နိုင်ငံအချို့ စိတ်ဝင်စားလျက်ရှိသည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၂ ကြိမ် ကျင်းပထားပြီးဖြစ်ပြီး ထိုင်းအသင်းက ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးဖြစ်နေကာ စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ မြန်မာအသင်းမှာမူ အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးအောင်မြင်မှုအဖြစ် ၂၀၀၄ နှင့် ၂၀၁၆ ခုနှစ်တွင် ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။ **ကိုညီလေး**

---

**❍ မန်စီးတီး**

ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့တာလည်းဖြစ်ပါတယ်။

နောက်တန်းကစားသမား ရူဘင်ဒိုင်ယက်စ်ဟာ မန်စီးတီး အသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား၊ ကာရာဘောင်ဖလား တို့ကို ရယူပေးခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက ချန်ပီယံလိဂ်ဖလားပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမား တွေထဲက တစ်ဦးအပါအဝင်လည်း ဖြစ်ပါတယ်။

ဒါကြောင့် နောက်တန်းကစားသမား ရူဘင်ဒိုင်ယက်စ် ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီရဲ့ ဘောလုံးအားကစား ကလောင်ရှင်များအဖွဲ့က ပေးအပ်တဲ့ တစ်ရာသီအကောင်းဆုံးကစား သမားဆုကိုလည်း ရရှိခဲ့သူဖြစ်ပါတယ်။

နောက်တန်းကစားသမား ရူဘင်ဒိုင်ယက်စ်ဟာ မန်စီးတီး အသင်းနဲ့အတူ ပြီးခဲ့တဲ့ဘောလုံးရာသီက ပြိုင်ပွဲအရပ်ရပ်မှာ ပွဲစဉ်စုစုပေါင်း ၅၀ အထိ ပါဝင်ကစားပေးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ အကောင်းဆုံး နောက်တန်းကစားသမားဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

---


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
ကြေညာချက်
(ရက် စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ် လ ၃၁ ရက်)

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ယခင်က ဆုမဲများ ခွဲဝေချီးမြှင့်ရာတွင် ထီလက်မှတ်ရောင်းရငွေ စုစုပေါင်း၏ ၆၀% ကို ဆုမဲအဖြစ် ခွဲဝေချီးမြှင့်ခဲ့ရာမှ ယခုအခါ အောင်ဘာလေထီကံစမ်းသူ မိဘပြည်သူများအတွက် ဆုမဲအရေအတွက် ပိုမိုခွဲဝေပေးနိုင်ရန်ရည်ရွယ်၍ ၁-၉-၂၀၂၁ ရက်နေ့တွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှစ၍ ထီလက်မှတ်ရောင်းရငွေ စုစုပေါင်း၏ ၇၀% ကို ဆုမဲအဖြစ် တိုးမြှင့် ခွဲဝေပေးသွားမည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ လ(၁)ရက်နေ့တွင် ကျင်းပမည့်အကြိမ် (၃၀)မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“က”အက္ခရာမှ အစဉ်လိုက်“ည”**ထိ စုစုပေါင်း အက္ခရာ(၁၀)လုံးတွင် ထီစာအုပ်(၁၂၄,၀၇၉) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၁၂၄၀.၇၉၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာကျပ်သန်း (၈၆၈.၅၅၃) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၂) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၄) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၄) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၆) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၇) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၁၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ်သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ်တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါ ဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ်ငါးသောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ အကြိမ်(၃၀)မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို(၁.၉.၂၀၂၁)ရက်နေ့(ဗုဒ္ဓဟူးနေ့)၊ နံနက် (၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။






**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်-မြို့သစ်၊ မြေကွက်အမှတ်(၉၈)၊ မြေကွက်လိပ်စာအမှတ်(၅၃)၊ ဇေယျာသီရိလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၅x၅၀)၊ ဧရိယာ(၁၂၅၀)စတုရန်းပေရှိ ဒေါ်အုန်းကြည်[၁၂/တတန(နိုင်)၀၃၇၂၀၀]အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် မှတ်သားတည်ရှိသော နှစ် (၆၀) မြေငှားဂရန် မြေအမျိုးအစားနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်ထွေး[၁၂/ဒပန(နိုင်)၀၂၁၄၃၇]မှ ၎င်းပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသူရစိုး [၁၂/ဗတထ(နိုင်)၀၁၁၉၅၈]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်း စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**
**အမှတ်(၃/က)၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-778434507,09-772766716**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ရွှေညဝါ+ဒိကမ္ဗိက ဆရာကြီး

## ဦးမင်းလွင်(ခ)ရွှေညဝါဦးသုန်

ရွှေရေလယ်ဓမ္မာစရိယ သင်တန်းနည်းပြ

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မေခေါဝီလမ်း၊ ၈၂/ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ အသောကာရာမ ရွှေဟင်္သာရေလယ် စာသင်တိုက်နေ (ဦးခင်ရွှေ-ဒေါ်ခင်လှ)တို့၏သား၊ ဒေါ်အေးအေးတင့်၏ ချစ်လှစွာသောခင်ပွန်း ရွှေညဝါ+ ဒိကမ္ဗိက ဆရာကြီးဦးမင်းလွင်(ခ) ရွှေညဝါဦးသုန်သည် ၂၇-၈-၂၀၂၂ (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ပဓာန နာယကဆရာတော်နှင့် တပည့်များ
အသောကာရာမရွှေဟင်္သာရေလယ်စာသင်တိုက်

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သာသနာ့ဒါယကာကြီး

## သိုင်းဆရာကြီး ဦးမျိုးအောင် တပ်မတော်လေ(ငြိမ်း)

### အသက်(၆၃)နှစ်

မိသားစုနဲ့ဓမ္မမိတ်ဆွေတွေအပေါ် နောက်ဆုံးအချိန်ထိ တာဝန်ကျေခဲ့တဲ့ ဖေကြီး... ဖေကြီးခွဲခွာသွားတာ (၂၇-၇-၂၀၂၂) မှ (၂၇-၈-၂၀၂၂) ရက်အထိ (၁)လ ပြည့်ခဲ့ပေမယ့် ခုထိခံစားအောက်မေ့သတိရနေဆဲပါ..... ဖေကြီးအတွက် ရည်စူးပြီး အစဉ်မပျက်လှူဒါန်းခဲ့တဲ့ ကုသိုလ်တွေကို အမျှပေးဝေပါတယ်.....ရောက်လေရာ ဘဝဘုံဌာနမှ သာဓုခေါ်ဆိုနိုင်ပါစေ ဖေကြီးရေ...အမျှ...အမျှ...အမျှ...ပါ။

ဖေကြီးကိုနေ့စဉ်သတိရနေတဲ့

**ချစ်ဇနီး-ဒေါ်ငွေငွေရီ**
**သမီးကြီး - ကိုကျော်စိုးသူ-မဟေမာန်အောင်၊ မြေး-မရွှေမြင့်မိုရ်ဦး**
**သမီးလတ် - ကိုဇင်မင်းဦး-မဟန်ဆုအောင်၊ မြေး-မောင်ကျော်ဇေယျ၊ မောင်ခန့်ဇေယျ**
**သားငယ် - ကိုအောင်ပိုင်ဘွား-မသီတာအေးလွင်၊ မြေး-မမြင့်မြတ်သခင်**
**နဒီလှိုင်း(စတိုး)မိသားစု**

# ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးစိန်ထွန်း(ငြိမ်း) အသက်(၆၄)နှစ် စစ်မှုထမ်းဟောင်း ဥက္ကဋ္ဌ ကော့ကရိတ်မြို့နယ် (ကိုးတိုင်ကျေးရွာ)သည် ၂၉-၈-၂၀၂၂ ရက်တွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၈) သူရတပ်ခွဲမှ**
**ကျောင်းဆင်းသူငယ်ချင်း မိသားစုများ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သူတင်ဝင်း

**B.S.E(Mchatronic),A.I.T(Bangkok)**

### အသက်(၃၀)

PSWN Distribution Co.,Ltdမှ Sale & Marketing Department တွင် Deputy Head of Sale ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ဦးအောင်သူတင်ဝင်းသည် ၂၅-၈-၂၀၂၂ ရက် နံနက် ၁၂:၂၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် PSWN Distribution Co., Ltd.မှ ဝန်ထမ်းများအနေဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**PSWN Distribution Co.,Ltd.**
**ဝန်ထမ်းမိသားစု**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ သာသန(တောင်တန်းသာသနာပြု)

## သိက္ခာတော် (၅၀)ဝါ၊ သက်တော်(၇၀)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စပယ်လမ်း၊ အောင်မင်္ဂလာ စပယ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနဖြစ်တော်မူသော သိက္ခာတော် (၅၀)ဝါ၊ သက်တော်(၇၀)နှစ်ရှိ ဘဒ္ဒန္တသာသန ဆရာတော်ကြီးသည် (၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်) ၂၅-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါကြောင်း တပည့် ရဟန်း ရှင် လူ ပြည်သူအပေါင်းအား အသိပေးအပ်ပါသည်။

တပည့် သံဃာတော်များ

## ဒေါ်သန်းတင်

ကျန်းမာရေးဆရာမ(ငြိမ်း)

စေတီယျရပ်ကွက်(ကုမ္ပဏီဈေး)၊ ကျောက်ဖြူမြို့

### အသက်(၈၃)နှစ်

ကျောက်ဖြူမြို့၊ ပိုက်ဆိပ်ရပ်ကွက်နေ (ဦးကျော်ထွန်းအောင်-ဒေါ်မကြီး)တို့၏ သမီး၊ (ဦးအောင်ဘစိန်၊ မူအုပ်-ငြိမ်း)၏ ဇနီး၊ ဦးထွန်းနိုင်-ဒေါ်လှိုင်အေးသင်း၊ ဦးလှနိုင်-ဒေါ်စန်းစန်းထွေး၊ ဒေါ်တင်စန္ဒာအောင်၊ ဦးတင်လင်းအောင်-ဒေါ်ဆုနွယ်ထွေး၊ ဒေါ်တင်နန္ဒာအောင်-ဦးအောင်ဝင်းညွန့်တို့၏မိခင် ဒေါ်သန်းတင်သည် ၂၉-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၂၂ (တနင်္ဂနွေနေ့)တွင် စေတီယျသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်လှသန်း

ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး(ငြိမ်း)

### အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ သခင်စံရွှေလမ်း၊ အမှတ်(၂၁၉)နေ (ဦးညွန့်-ဒေါ်ခင်ခင်)တို့၏ သမီး၊ (ဦးမောင်မောင်)-ဒေါ်လှနွယ်၊ (ဒေါ်သိန်းအေး)တို့၏ညီမ၊ (ဦးမောင်မောင်) ၏ဇနီး၊ ဒေါ်ရွှေယင်းမာစော၊ ဦးတင်မောင်လွင်-ဒေါ်ခင်ပပလင်း၊ ဦးပြည့်ဖြိုးကျော်-ဒေါ်ဖြိုးဖြိုးမောင်၊ ဦးအေးအောင်ဖြိုး-ဒေါ်မေသက်နွယ်တို့၏ မိခင်၊ မောင်အောင်သူလွင်၏အဘွား ဒေါ်လှသန်းသည် ၂၉-၈-၂၀၂၂(တနင်္လာနေ့) ညနေ ၆:၅၈နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၃၀-၈-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## လီကွတ်ချင်း(ခ)ဦးကျော်လင်း

### အသက်(၇၅)နှစ်

(ဦးလီကာရှင်း)-ဒေါ်ကျောင်ရင်တို့၏သား၊ (ဦးထွန်းမြိုင်-ဒေါ်ကုတ်တီ) တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရေဝတီလမ်း၊ အမှတ်(၃၉)နေ ဒေါ်ဘိတ်တင်၏ ခင်ပွန်း၊ ဦးဗိုလ်ချိန်-ဒေါ်ခင်သီတာခိုင်တို့၏ ဖခင်၊ မောင်ကောင်းပြည့်စုံ၏အဘိုး လီကွတ်ချင်း(ခ)ဦးကျော်လင်းသည် ၁၂-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု




အလှူ့ဒါယိကာမကြီး

## ဒေါ်သန်းညွန့်(ချောက်မြို့)

### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တံတားဖြူကန်လမ်း၊ ခြံအမှတ် (၂၀/ခ)နေ ဒေါက်တာခင်မောင်ညွန့် (အကြီးတန်းစီးပွားရေးပညာရှင်-ဟောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အင်ဒိုနီးရှားနိုင်ငံ)၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်နေ ဒေါ်ခင်ခင်၊ ဦးကြည်မြင့်၊ ဒေါ်နုနုဝေ၊ ဒေါ်လှလှအုန်း၊ ဦးသိန်းနိုင်အုန်း၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဦးသန်းဌေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်နေ ဦးသက်ခိုင်ဝင်း၊ ဒေါ်ခိုင်သီရိမွန်၊ မဇင်မေပွင့်၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ဦးဟန်ဝင်းအောင်၊ ဒေါ်အေးမြတ်မြတ်မွန် (Neuro-Science, Behaviour Support Practitioner)၊ ဒေါ်မေဇင်ခိုင် (Chartered Accountant)၊ ဦးပြည့်ဖြိုးဟန်(လျှပ်စစ်အင်ဂျင်နီယာ)တို့၏ အဘွားသည် လူကြီးရောဂါဖြင့် မြောက်ဥက္ကလာပဆေးရုံကြီး၌ ၂၈-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းတန်

စာရေးဆရာ ကိုနွယ်မောင်

လက်ထောက်အရောင်းဌာနမှူး(ငြိမ်း)၊ စာပေဗိမာန်၊

ကြေးမုံဂျာနယ်၊ ကြေးမုံသတင်းထောက်ဟောင်း၊

Ex ကထိက-ဒေသကောလိပ်(၁)နှင့် (၂)ရန်ကုန်၊

မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း သက်ကြီးကန်တော့ခံ

### အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ(ဦးဖိုးနွယ်- ဒေါ်လှပု)တို့၏သား၊ (ဦးထွန်းစိန်-ဒေါ်စိန်ကြူ)တို့၏ သားသမက်၊ (ဒေါ်မြမြသိန်း)၏ခင်ပွန်း၊ (ဦးစိုးစံ-ဒေါ်ယဉ်ယဉ်နွဲ့)တို့၏ အစ်ကို၊ ဦးကိုကိုသိန်း (စာပေဗိမာန်-ငြိမ်း)၊ (ဦးဘိုဘိုသိန်း)၊ ဒေါ်လွင်မာသိန်း၊ ဒေါ်တင်မာသိန်း၊ ဦးမျိုးဝင်း(MIPL-Thilawa)-ဒေါ်လီလီသိန်း၊ ဦးဇော်ထွန်းအောင်(CCPBM)-ဒေါ်မီမီသိန်း (သစ်လွင်ဟိန်းကုမ္ပဏီ)၊ ဒေါ်လတ်လတ်သိန်း (ဦး/ရှိ၊ စီမံကိန်းဦးစီးဌာန၊ နေပြည်တော်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မနီလာ၊ မောင်မင်းယုဝေ (KJCF-Thilawa)-မအင်ကြင်းခိုင်၊ မကျော့ကေသွယ်ဇော်(အထက-ကွမ်းခြံကုန်း၊ သန်လျင်)၊ မောင်ဟန်ဥက္ကာ (အထက-၂၊ သန်လျင်)တို့၏အဘိုး ဦးသိန်းတန်သည် ၂၉-၈-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ဗိုလ်ချုပ်ရွာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

# ဦးအေးသောင်း(ခ)ဦးဆောင်း

## အသက်(၆၅)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျိုက္ခမီလမ်း၊ ဒေါင်းဇရပ်ရပ်ကွက်၊ အမှတ်(၁၈၇)နေ ဒေါ်ခင်အန်းကြူ(ခ)မကြူ၏ ချစ်လှစွာသောခင်ပွန်း၊ သားကြီး စိုးသက်နောင်အေး-စောစန္ဒာလင်း၊ သမီးကြီး အေးဆုဆုနှင်း-ဇော်လင်းမြတ်၊ သမီးလတ် ဖြူဖြူခိုင်-ဟိန်းလတ်အောင်နိုင်၊ သမီးငယ် ဝင်းဝင်းကြူ-Elliot Leeတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ စျာန်ရဲထက်၊ Ethan Yé Htet၊ Liam Thet Naung၊ အဂ္ဂလင်းမြတ်တို့၏ ကျေးဇူးရှင်အဘိုးသည် ၃၀-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၄:၃၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၃၁-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် မော်လမြိုင်မြို့၊ ပိန္နဲကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၂၂ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေး ကောင်းမှုကုသိုလ်များ ပြုလုပ်သွားမည် ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်လတ်

ဥက္ကဋ္ဌ၊ ငွေကျားတိုက် (Silver Tiger Group of Companies)

### အသက် (၅၃)နှစ်

သီရိသုဓမ္မသိင်္ဂီ ဒေါ်မာလာမြင့်(ဒုတိယ ဥက္ကဋ္ဌ၊ ဝိသာခါဖောင်ဒေးရှင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်နိုင်ဝင်း-သမီးကြီး ဒေါက်တာ ပိုးမဒ္ဒီတင်လတ်(ဗဟိုအလုပ်အမှုဆောင်၊ ဝိသာခါဖောင်ဒေးရှင်း)၊ သားလတ်-ဘုန်းရာဇာစိုး၊ သားငယ်-နိုင်အုပ်စိုးလတ်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးလေး Krish @ မောင်မင်းပြည့်စုံခန့်၏ ချစ်လှစွာသောအဘိုး ဦးတင်လတ်သည် ၂၈-၈-၂၀၂၂(စနေနေ့) ည ၁၀:၅၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝိသာခါဖောင်ဒေးရှင်း**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ် နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စက်တင်ဘာ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိအား အများပြည်သူအလုပ်ပိတ်ရက်အဖြစ် တိုးမြှင့်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၅၅ /၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခြောက်ကြိမ်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိအား (ထူးခြားသည့်အခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှအပ) တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ်ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# အခြေခံပညာကျောင်းများအား ဆက်လက်၍ ယာယီပိတ်ထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တား ထိန်းချုပ်ရန် လိုအပ်သည့်အတွက် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)အား ၁-၉-၂၀၂၁ ရက်နေ့မှ ၁၀-၉-၂၀၂၁ ရက်နေ့အထိ ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



# မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်၌ တည်ဆောက်နေသော သံလွင်တံတား(တာကော်) ဖောင်ဒေးရှင်းလုပ်ငန်းများဆောင်ရွက်ပြီးစီး

လွိုင်လင် ဩဂုတ် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၌ သံလွင်တံတား(တာကော်) တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဖောင်ဒေးရှင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✻




# မန်စီးတီးနောက်ခံလူ ရူဘင်ဒိုင်ယက်စ် ၂၀၂၇ ခုနှစ်အထိ ဆက်ရှိမယ့်စာချုပ်သစ်ချုပ်ဆို

ပေါ်တူဂီနောက်တန်းကစားသမား ရူဘင်ဒိုင်ယက်စ်ဟာ လက်ရှိကလပ် မန်စီးတီးအသင်းနဲ့အတူ ၂၀၂၇ ခုနှစ်အထိ ဆက်ရှိနေမယ့်စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ ပေါ်တူဂီကြယ်ပွင့်ကစားသမား ရူဘင်ဒိုင်ယက်စ်ဟာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်းက ဘင်ဖီကာအသင်းကနေ ပေါ်တူဂီအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းနဲ့

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ○

## ကြေးမုံ ယနေ့ ဖတ်စရာ

**အကြမ်းဖက်သူ အမျိုးသားလေးဦးက သေနတ်ဖြင့် ခြိမ်းခြောက်၍ ကမ္ဘာ့ရတနာဘဏ်မှ ငွေကျပ်သိန်း ၁၀၀၀ ခန့် လုယက်ယူဆောင်**

စာမျက်နှာ » ၁၄

**အာဆီယံဆုဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံရွေးချယ်၍ ကျင်းပရန် စီစဉ်**

စာမျက်နှာ » ၂၆




**အခန်းဆက် ဝတ္ထုရှည်**

စာမျက်နှာ » ၂၃